


ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားဆုံးမတော်မူသောတရားတော်

# နိဗ္ဗာန်အရှာ မလွဲကြပါနဲ့
# တရားထူး နာရလို့ ဝမ်းမြောက်ကြစမ်းပါ

ဟောကြားသည့်နေ့
၁၂-၅-၆၁

(၂၁၉)

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ဟောကြားတော်မူသောတရားတော်

# နိဗ္ဗာန်အရှာမလွဲကြပါနဲ့
# တရားထူးနာရလို့ဝမ်းမြောက်ကြစမ်းပါ

THITSARPARAMA LIBRARY
Date ..........

ဟောကြားသည့်နေ့
(၁၂-၅-၈၉)

0157

စာမူခွင့်ပြုချက်အမှတ် - ၇၁၇/၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၉၄/၂၀၀၂ (၁၂)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၂၀၀၀
ခုနှစ် - ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ
တန်ဘိုး - (      )

**ထုတ်ဝေသူ** ဦးအောင်ချို၊ (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

**ပုံနှိပ်သူ** ဒေါ်နုနုဝင်း (မြ - ၀၆၆၅၆)
လောကပါလပုံနှိပ်တိုက်
အမှတ် (၈၄)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားဆုံးမတော်မူသော တရားတော်

## နိဗ္ဗာန်အရှာမလွဲကြပါနဲ့
## တရားထူးနာရလို့ဝမ်းမြောက်ကြစမ်းပါ

ဟောကြားသည့်နေ့ (၁၂-၅-၆၁)

တရားနာကြတယ်ဆိုတာ ဘာရှာကြတာတုံး . . . (နိဗ္ဗာန်ရှာတာပါဘုရား)။ နိဗ္ဗာန်ရှာတာဖြစ်နေတော့ နိဗ္ဗာန်အရှာတည့်လို့ရှိရင်လည်း မဝေးပါဘူးဆိုတာကိုလည်း ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောပါတယ် . . . (မှန်ပါ)။

## နိဗ္ဗာန်အရှာမလွဲကြပါနဲ့

ဒါကြောင့် အရှာဖြင့်မလွဲကြပါနဲ့ဆိုတာကို ဆရာဘုန်းကြီးက သတိပေးတယ် . . . (မှန်ပါ)။ နိဗ္ဗာန်အရှာမလွဲပါနဲ့ . . . (မှန်ပါ)။

နိဗ္ဗာန်အရှာလွဲလို့ရှိရင် ရှာလေမတွေ့လေဖြစ်မှာ ဒကာ ဒကာမတွေသိပ်စိုးရိမ်ရတယ် . . . (မှန်ပါ)၊ အရှာတည့်သွားပြန်တော့လည်း . . ဩော် . . . အနီးလေးပါလားဆိုတာ ဒကာ ဒကာမတွေ ပေါ်လောကြီးပေါ်လာတယ် . . . (မှန်ပါ)။

အဲဒါကြောင့် နိဗ္ဗာန်ကို အရှာတည့်ကြပါစေ ဆိုတဲ့ဥစ္စာ မောင်နိုင်ပြောရတယ်. . . (မှန်ပါ)။ ကဲ နိဗ္ဗာန်ရှာကြပါစို့ ဆိုတော့၊ ဩော်-ဒကာ ဒကာမတို့ စဉ်းစားကြည့်စမ်းပါလား၊ ဒီခန္ဓာကိုယ်ကြီးက ပဋိစ္စသမုပ္ပါဒ်နဲ့ပြပြ၊ လက်ရှိခန္ဓာကြီး၊ ထိုင်နေတဲ့ ခန္ဓာကြီးကိုပဲကြည့်ကြည့်၊ နာမ်ရုပ်ပဲရှိမှာပဲ . . . (မှန်ပါ)။

နာမ်ရုပ်ကလည်း၊ နာမ်ကလည်း ဖြစ်လိုက်ပျက်လိုက်မို့ ဒုက္ခသစ္စာပဲ. . . (မှန်ပါ)၊ ရုပ်ကလည်း ဖြစ်လိုက်ပျက်လိုက်မို့ . . . (ဒုက္ခသစ္စာပါဘုရား)။

ဩော်. . . ဒါဖြင့်မောင်နိုင်တို့ ရှာကြည့်လို့ရှိရင်ဖြင့် ဒုက္ခသစ္စာခန္ဓာကိုယ်ကြီးထဲမှာ ရှိနေလို့ရှိရင်ဖြင့် ဒီဒုက္ခသစ္စာဆုံးလို့ရှိရင်ဖြင့် နိရောဓသစ္စာဖြစ်ရမယ်. . . (မှန်ပါ)။

## ခန္ဓာကိုယ်ထဲဉာဏ်နဲ့လျှောက်ကြည့်

ဒါဖြင့်ဒီခန္ဓာကိုယ်ထဲမှာ ဉာဏ်နဲ့လျှောက်ကြည့်ဖို့ အရေးကြီးတယ်. . . (မှန်ပါ)။ ဒီခန္ဓာကိုယ်ထဲမှာ . . . (ဉာဏ်နဲ့ လျှောက်ကြည့်ဖို့ အရေးကြီးပါတယ်ဘုရား)။ ဉာဏ်နဲ့ လမ်းလျှောက်နေဖို့ အရေးကြီးတယ်လို့ ဘုန်းကြီးတို့ဒကာ ဒကာမတွေ မှတ်စမ်းပါ. . . (မှန်ပါ)။

ဉာဏ်နဲ့လမ်းလျှောက်လိုက်တဲ့အခါကျတော့ကို ပထမ လမ်းလျှောက်လိုက်တဲ့အခါကျတော့ အနိစ္စတွေပေါ်မှာ လမ်းလျှောက်. . . (မှန်ပါ)၊ ဒီခန္ဓာကိုယ်ကြီး ခြေဖျားက ခေါင်းကျအောင်ပဲ လှမ်းလျှောက်ကြည့်ပါ ဉာဏ်နဲ့သာ လမ်းလျှောက်ကြည့်ပါ၊ ဘာမှမတွေ့ဘူးကိုစောမောင် အနိစ္စ တွေပဲတွေ့မယ်. . . (မှန်ပါ)။ ရှင်းကြရဲ့လား. . . (ရှင်းပါတယ် ဘုရား)။

ဩော်. . . အနိစ္စတွေမြင်တဲ့အခါကျတော့ကို ဒီအပေါ်မှာချည်း လမ်းလျှောက်နေရတာ အသေပေါ်မှာ ဉာဏ်လမ်းလျှောက်နေရတော့ အသေပေါ်မှာ ဉာဏ်လမ်း လျှောက်ပြီး သကာလ နေရတော့ အသေပေါ်ချည့် ဉာဏ်နဲ့ နေရလို့ရှိရင်ဖြင့် ဉာဏ်နက်နည်းနေတဲ့ ယောဂီပုဂ္ဂိုလ်ဟာ အသေလမ်းဖြင့် လွတ်ချင်လှချည်ရဲ့ ဆိုတဲ့ဥစ္စာလာရမှာပဲ. . . (မှန်ပါ)။

မလာရပေဘူးလား. . . (လာရမှာပါဘုရား)၊ ဒီအသေတွေပေါ်မှာချည်း ဉာဏ်ကလမ်းလျှောက်တော့ကို အသေပေါ်မှာချည်းလျှောက်နေရတယ်. . . . (မှန်ပါ)။

ဖြစ်ပျက်၊ ဖြစ်ပျက်၊. ဖြစ်ပျက်ဆိုတဲ့ခန္ဓာကိုယ်ကြီးကို ခြေဖျားကနေလျှောက်ကြည့် ဆံဖျားကြအောင်၊ ဆံဖျားကနေလျှောက်ကြည့် ခြေဖျားကျအောင် ဉာဏ်နဲ့သာ လျှောက်ကြည့်စမ်းပါလို့ ကိုပေါ်တို့သတိပေးလိုက်တယ်. . . (မှန်ပါ)။ အသေပေါ်မှာလျှောက်နေရတယ်. . . (မှန်ပါ)။

ခန္ဓာကိုယ်ကြီးက ခဏခဏဖြစ်ပျက်နေတာ၊ အသေပေါ် မှာလျှောက်နေရတယ်ဆိုတာ ပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။ ဒါဖြင့် ဒီအသေတွေအပေါ်မှာ လူတစ်ဦးတစ်ယောက်တ အမြဲတမ်း အသွားအပြန်နင်းနေရတဲ့ ပုဂ္ဂိုလ်ဖြင့်အင်း . . . ကြောက်ချင်ရင်လည်းကြောက်လာမယ်၊ ရွံချင်ရင်လည်း ရွံလာမယ်ဆိုတာ ကိုစောမောင် လာရမှာလား . . . မလာရဘူးလား. . . . (လာရမှာပါဘုရား)။

## ဖြစ်ပျက်မြင်တာယထာဘူတဉာဏ်

လာရလို့ရှိရင် ဒါသည်ကားလို့ရှိရင်ဖြင့် ခုနကဖြစ်ပျက်နင်းတာ ယထာဘူတဉာဏ်နဲ့နင်းတာ၊ ဒီအသေတွေကလည်း မြင်ပါများတော့ မုန်းလှပါပြီ၊ ရွံလှပါပြီဆိုတဲ့ဥစ္စာ နိဗ္ဗိန္ဒဉာဏ်

တက်လာမယ်ဆိုတာ မသေချာသေးဘူးလား. . . (သေချာပါတယ်ဘုရား)။

လူသေတွေနဲ့ ဒကာဒကာမတို့ လူသေဒုက္ခကြီးနဲ့ဖြင့် လွတ်ချင်လှချည်ရဲ့ဆိုတဲ့ ဉာဏ်ဟာမပေါ်ပေဘူးလား၊ ပေါ်သလား. . . . (ပေါ်ပါတယ်ဘုရား)။

ပေါ်လို့ရှိရင်ဒီလူသေဟာ ဒကာ ဒကာမတွေကနဂိုက မလွတ်ချင်တဲ့ တဏှာကြောင့် ဒီခန္ဓာဒုက္ခသစ္စာကြီးနဲ့ တွဲနေတာ . . . (မှန်ပါ့)။ ကဲ. . မလိုချင်တော့ပါဘူး၊ ကိုယ့်ခန္ဓာကိုယ်ကိုယ့်ဉာဏ်နဲ့လျှောက်ရတာ မလိုချင်တော့ပါဘူး ဆိုတော့ ဒီဒုက္ခကြီးဟာ ဆုံးသွားတယ်. . . (မှန်ပါ)။

ဆုံးသွားတော့ ဒီဒုက္ခဆုံးတဲ့နေရာမှာပဲ နိဗ္ဗာန်ဆိုတာ အစားထိုးလာတယ်. . . (မှန်ပါ)။ ဒါဖြင့် နိဗ္ဗာန်ရှာကြလို့ရှိရင် ခန္ဓာ အပေါ်မှာဉာဏ်လမ်းလျှောက်ဖို့ပဲရှိတယ်. . . (မှန်ပါ)။ ဘာခြား သွားနေဖို့ . . . (မလိုပါဘူးဘုရား)၊ ဉာဏ်ပေါက်ကြပြီလား. . . . (ပေါက်ပါတယ်ဘုရား)။

နိဗ္ဗာန်လိုချင်ရင် ဘယ်အပေါ်ဉာဏ်လမ်းလျှောက် ရမယ် . . . (ခန္ဓာအပေါ်မှာ လမ်းလျှောက်ရမှာပါဘုရား). . . ခန္ဓာအပေါ်မှာဉာဏ်နဲ့လမ်းလျှောက်ပါ၊ လျှောက်တဲ့အခါ ဘာတွေ တွေ့မယ်လို့ထင်ကြသုံး. . . အသေပဲတွေ့မယ် . . . (မှန်ပါ)။

ဖြစ်ပျက်၊ ဖြစ်ပျက် မွေးလိုက်သေလိုက်၊ မွေးလိုက်သေလိုက်၊ မွေးတာတောင်တွေ့မှာမဟုတ်ပါဘူး အသေတွေချည်းတွေ့နေမှာပဲ. . . (မှန်ပါ)။

ဒီအပေါ်မှာချည်း လမ်းလျှောက်နေရတော့ ဉာဏ်နဲ့လမ်းလျှောက်ပြီးသကာလနေရတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေဟာ ဉာဏ်တည်းဟူသောတရားလျှောက်ပါများလေလေ၊ လူအသေပေါ်မှာလျှောက်ချင်တဲ့ သဘောတွေဟာ ဩော်. . . ကံမကောင်း အကြောင်းမသင့်လို့သာလျှင် တို့လျှောက်နေရတယ်ဆိုတဲ့ ရွံစရာ၊ မုန်းစရာပေါ်မှာ ဉာဏ်လမ်းလျှောက်နေရတာပါလားဆိုတာ တက်မလာဘူးလား၊ လာလားဆိုတာစဉ်းစားစမ်း . . . (တက်လာပါတယ် ဘုရား)။

## အိမ်ကျရင်ဒီအတိုင်းလျှောက်ကြည့်နေ

မလာပါနဲ့ ဆိုလို့ကို. . . (မရပါဘူးဘုရား) အဲဒါ အိမ်ကျလို့ရှိရင် ဒီအတိုင်းသာ လျှောက်ကြည့်နေ၊ ပထမအသေပေါ်လျှောက်၊ အသေပေါ်လျှောက်ရတာများလာတဲ့အခါ လျှောက်တဲ့ယောဂီသည်ပင်လျှင် မုန်းလာလိမ့်မယ်. . . (မှန်ပါ) ရွံလာလိမ့်မယ်. . . (မှန်ပါ)။ မလာပါနဲ့ဆိုလို့. . . (မရပါဘူးဘုရား)။

မုန်းလာတဲ့ ပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဩော် . . . ကံမကောင်း အကြောင်းမသင့်လို့ရတဲ့ မုန်းစရာ၊ ရွံစရာပါလား၊ လိုချင်စရာ တစ်စက် တစ်ကွက်မှ မရှိပါလားဆိုတာ လျှောက်ပါများရင် မောင်နိုင်လာသင့် မလာသင့်. . . (လာသင့်ပါတယ်ဘုရား)။

လာလို့ရှိရင်ဖြင့် ဒီခန္ဓာကြီးဟာ အသေခန္ဓာကြီးဟာကိုစောမောင်ပျောက်တော့တာပဲ. . . (မှန်ပါ) ပျောက်လို့ရှိရင်ဖြင့် ဩော်. . . နဂိုက ဒီခန္ဓာကြီးဟာ ဒုက္ခသစ္စာပေါ် လမ်းလျှောက်နေရတော့ ဒုက္ခဆုံးပါပေါ့လားဆိုတော့ ဒီလေးတောင် အပေါ်မှာပဲဆုံးသွားတယ်. . . (မှန်ပါ)။

ခန္ဓာကိုယ့်အတောင်နဲ့ ကိုယ်တိုင်းကြည့်တော့ လေးတောင်ရှိတယ်. . . (မှန်ပါ) ဒီလေးတောင်အဆုံးမှာ ဘာလာတွေ့တာတုံး. . . (နိဗ္ဗာန်တွေ့တာပါဘုရား)။

ဩော်. . . ဒါဖြင့် နိဗ္ဗာန်အဝေးရှာနေတဲ့ ပုဂ္ဂိုလ်တွေဖြင့် အလွဲကြီးလွဲရန် အချော်ကြီးချော်ပါလိမ့်မယ်ဆိုတာ သတိပေးလိုက်တယ်. . . (မှန်ပါ)။

ဒီအနားတွင် ရှာလို့ရှိရင်ဖြင့် ဒီအနားတွင် တွေ့ပါလိမ့်မယ်ဆိုတာ ဘုန်းကြီးများက ရဲ့ဝံ့စွာပဲ တာဝန်ခံပါတယ်. . . (မှန်ပါ) သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ဒါ ပါဠိတော်ရှိလို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးတို့ ပါဠိတော်တွေကရှိပြီး သကာလနေလို့ ပြောရတာ. . . (မှန်ပါ) ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

အဲဒါ အသားထားလိုက်ပါဦးတဲ့၊ ကဲ. . . အလုပ်ခွင်နဲ့ တကွပြကြပါစို့လို့ဆိုတော့ မနေ့ကတရားက သာဝတ္ထိပြည် ဇေတဝန်ကျောင်း သီတင်းသုံးပြီးသကာလနေတုန်း မင်းတို့ ခန္ဓာကိုယ်ကြီးများသုံးသပ်ဆင်ခြင်ကြရဲ့လားလို့ ဘုရားက မမေးဘူးလား. . . (မေးပါတယ်ဘုရား)။

ရဟန်းတွေက တပည့်တော်တို့ ဘယ်လိုသုံးသပ်လို့၊ ဘယ်လိုဆင်ခြင်ရမယ် မသိပါဘူး ဘုရားဆိုတော့ ခန္ဓာပေါ် ဉာဏ်လမ်းလျှောက်လို့ပြောတာ. . . (မှန်ပါ) သဘောကျကြရဲ့လား . . . (ကျပါတယ်ဘုရား)။

ခန္ဓာပေါ် ဉာဏ်လမ်းလျှောက်ဆိုတော့ ဒီခန္ဓာကြီး အကြီးဆုံးသော ဒုက္ခ၊ ဒုက္ခမျိုးစုံ ဆုံးနေရာ၊ ဘယ်နေရာပါလိမ့်မတုံး ဆိုတော့ ဇရာ၊ မရဏ. . . (မှန်ပါ)။

ဒုက္ခအစုံဆုံးကဖြင့်. . . . (ဇရာမရဏပါ ဘုရား) အိုတဲ့ အခါမှာလည်း ဒုက္ခမျိုးစုံဟာ တစ်ခါတည်း မစားနိုင်၊ မသောက်နိုင်၊ မဝတ်နိုင်၊ မသယ်နိုင်၊ မပိုးနိုင်တွေ ကိုစောမောင်တို့ ကိုပေါ် တို့လာလိမ့်၊ မလာလိမ့်. . . (လာမှာပ ါဘုရား)။

ဒုက္ခကို စုံလို့မနေဘူးလား. . . (နေပါတယ်ဘုရား) သေခါနီးကျတော့ ဘယ်နေရာကများ သက်သာတယ်လို့ လာသေးသတုံး. . . (မသက်သာပါဘုရား)။

ဒါဖြင့် အိုမှု သေမှု နှစ်ခုသည် ဒကာ ဒကာမတို့ ဒုက္ခအစုံဆုံးပဲဆိုတာ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား) အဲဒီ ဒုက္ခအစုံဆုံးဟာ ဘယ်ကလာသတုံးလို့ မင်းတို့စုံစမ်းကြလို့ ဘုရားက သာဝတ္ထိပြည်ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေတုန်း ပြောရှာပါတယ်. . . (မှန်ပါ)။

## ဒုက္ခတွေဘယ်ကများလာပါလိမ့်

ကိုင်း. . . ဒကာ ဒကာမတွေကလည်း ဒီတရား နာရတာက သုံးရက်လည်းရှိတော့မယ်ဆိုတော့ ပြောတတ်ကြမှာပြီ၊ ဒီဒုက္ခအစုံတွေ ဘယ်ကများလာပါလိမ့်မတုံး. . . (ဇာတိကလာပါတယ်ဘုရား)။

ပေါ်လာပြီ၊ ပင့်ိုသန္ဓေနေမိလို့ ကိုစောမောင် ဒါကြီး ရတာ. . . (မှန်ပါ) မနေမိရင်. . . (မရပါဘူးဘုရား) အဲတော့. . . ဩော် ဇာတိက အကြောင်း၊ ဇရာ၊ မရဏက အကျိုးဆိုတာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဒီလို စုံစမ်းလိုက်တော့မှ ဇာတိက အကြောင်း သမုဒယသစ္စာ၊ ဇရာ၊ မရဏက အကျိုး ဒုက္ခသစ္စာ. . . ပေါ်လာပြီလား. . . . (ပေါ်ပါပြီဘုရား)။

ဒါဉာဏ်နဲ့လမ်းလျှောက်လိုက်တဲ့အခါကျတော့မှ ဒီသစ္စာနှစ်ခုသွားတွေ့တာပဲ. . . (မှန်ပါ) ဉာဏ်နဲ့လမ်းလျှောက်လိုက်တော့. . . (သစ္စာနှစ်ခုသွားတွေ့ပါတယ်ဘုရား)။

## ဒုက္ခဖြစ်အောင်ကြိုးစားတဲ့တရားကဇာတိ

သမုဒယနဲ့ ဒုက္ခသွားတွေ့တယ်. . . . (မှန်ပါ) ဩော် . . . မင်းတို့ နှစ်ခုဟာ တစ်ခုမှဖြင့် သက်သာခွင့်ပေးတဲ့တရား မရှိပါဘူး တစ်ခုကလည်း ဒုက္ခဖြစ်အောင် ကြိုးစားတဲ့တရား၊ တစ်ခုကလည်း ဒုက္ခခံနေရတဲ့တရား၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## ဒုက္ခဖြစ်နေတဲ့တရားက ဇရာ၊ မရဏ

ဒုက္ခဖြစ်အောင် ကြိုးစားတဲ့တရားက ဇာတိ၊ ဒုက္ခဖြစ်နေရတဲ့ တရားက ဇရာ၊ မရဏ၊ ဒါကျုပ်တို့ ခန္ဓာနော်. . . (မှန်ပါ) ကျုပ်တို့ ခန္ဓာပဲတဲ့။

အဲတော့ ဒီနှစ်ခုဟာ ကျုပ်တို့ ခင်ဗျားတို့သည် စုံစမ်းလိုက်လို့ ပေါ်လာတာပဲ. . . (မှန်ပါ) စုံစမ်းလိုက်လို့ ပေါ်လာတဲ့အခါကျတော့ စုံစမ်းတဲ့ဉာဏ်ဟာ ဘာဉာဏ်တဲ့ . . . (မဂ်ဉာဏ်ပါဘုရား)။

## စုံစမ်းတဲ့ဉာဏ်ကမဂ်ဉာဏ်

ဒကာ ဒကာမတို့ စုံစမ်းတဲ့ဉာဏ် မဂ်ဉာဏ်ပေါ် လာပြီ. . . (ပေါ်လာပါပြီဘုရား) ကောင်းပြီ ဒီလိုစုံစမ်းလိုက်တဲ့ အခါကျ တော့ကို စုံစမ်းနိုင်တဲ့ဉာဏ်ဟာ မဂ်ဉာဏ်ပဲဆိုတော့ ဩော်. . . ဒီနှစ်ခုရှိသ၍ ကာလပတ်လုံးဖြင့် ဘယ်တော့မှ ဒို့သည်ကားလို့ ဆိုလိုရှိရင်ဖြင့် ချမ်းသာမှာမဟုတ်ဘူး။

အကြောင်း သမုဒယ၊ ဒုက္ခပေးလေသမျှ သူကချည့်ပဲ၊ အကျိုးဒုက္ခလက်ခံလေသမျှဟာ ခန္ဓာကချည့်ပဲဆိုရင် လွဲပါ့ မလား. . . (မလွဲပါဘူးဘုရား) သူတို့ နှစ်ခုချုပ်မှ အေးမှာပဲ ဆိုတဲ့ ဥစ္စာကော မလာဘူးလား. . . (လာပါတယ်ဘုရား)။

သူတို့ နှစ်ခုချုပ်ရင် ဘာသစ္စာတုံး. . . (နိရောဓသစ္စာ ပါဘုရား) ဒီလို သစ္စာလေးပါးနဲ့ စုံစမ်းစမ်းပါ၊ ခန္ဓာပေါ် ဉာဏ်လမ်း လျှောက်စမ်းပါဆိုတာ ပေါ်မလာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

## ဇာတိဘယ်ကလာသတုံး

ကဲ. . . ဒါတွေက သိပြီးသားဖြစ်နေလို့ သစ္စာလည်း သိပါပြီ ဒကာ ဒကာမတွေ ဇာတိ ဘယ်ကလာသတုံးလို့ ဆက် တွေးပါဦး. . . (ကမ္မဘဝကပါဘုရား)။

ကံ အားထုတ်တဲ့ ပုဂ္ဂိုလ်များမှ လာတာတဲ့. . . (မှန်ပါ) သဘောကျကြရဲ့လား. . . (ကျပါတယ်ဘုရား) ကံအားထုတ်တဲ့ ပုဂ္ဂိုလ်မှ. . . (လာတာပါဘုရား) ဇာတိလာတာနော်. . . (မှန်ပါ)။

ခင်ဗျားတို့ ဘယ်ကံတွေတုံးလို့မေးတော့ ဘယ်နှယ်ဖြေကြ. . . ဝဋ္ဋကံ၊ မှတ်ထားနော်. . . (မှန်ပါ) ဝဋ္ဋကံဆိုတာ ဟောဒီ ဝိပါကဝဋ်ကြိုက်တဲ့ ပုဂ္ဂိုလ်မှ ဒီကံတွေလုပ်တယ်. . . (မှန်ပါ) အဲဒီ-ဇာတိဒုက္ခကြိုက်တဲ့ ပုဂ္ဂိုလ်မှ မောင်နိုင်. . . (ဒီကံ တွေလုပ်ပါတယ်အုရား) ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒီကံသည် ဘာကံခေါ်ကြမလဲ. . . (ဝဋ္ဋကံပါဘုရား) လုပ်ကောင်း မလုပ်ကောင်း. . . (မလုပ်ကောင်းပါဘူးဘုရား) ကိုယ့်ဒုက္ခကိုယ်ရှာလို့ မလုပ်ကောင်းဘူး. . . (မှန်ပါ) သဘောကျရဲ့လား. . . (ကျပါပြီဘုရား)။

ကိုယ့်ဒုက္ခကိုယ်ရှာလို့. . . (မလုပ်ကောင်းပါဘူးဘုရား) မလုပ်ကောင်းဘူးဆိုတော့ ကံကို ပယ်လိုက်တာလားဆိုတော့ အို. . . ဝဋ္ဋကံကို ပယ်လိုက်တယ်. . . (မှန်ပါ)။

ကိုစောမောင် ဘာပယ်လိုက်တာတုံး. . . (ဝဋ္ဋကံပယ်လိုက် ပါတယ်ဘုရား) ဇာတိ ဒုက္ခရမည့်ကံတော့ ပယ်လိုက်တယ်. . . (မှန်ပါ) ဇာတိဒုက္ခ မလိုချင်တဲ့ ကံမျိုး၊ ဉာဏ်ဦးစီးတဲ့ ကံမျိုးကျတော့ ဘုန်းကြီးများက မပယ်ဘူး. . . (မှန်ပါ) ရှင်းကြရဲ့လား. . . (ရှင်းပါပြီဘုရား)။

ဒါသေသေချာချာမှတ်ပါ၊ တော်ကြာကျလို့ရှိရင် ဘုန်းကြီးက ကံတွေပယ်နေပြန်ပြီလို့ ခင်ဗျားတို့က လမ်းကျရင် မလုပ်နဲ့ဦး၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## ဘယ်ကံပယ်တာပါလိမ့်

ဘယ်ကံပယ်တာပါလိမ့်. . . (ဝဋ္ဋကံပါဘုရား) ဝဋ္ဋကံပယ်တာက ဒီဘက်ကို ဘာကျေးဇူးပြုတုံး. . . (ဇာတိပါ ဘုရား)။

ဒါဖြင့် ဇာတိဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာပေး မည့်ကံတော့ ခင်ဗျားတို့ယူလို့ရှိရင်ဖြင့် အယူလွဲ . . . (မှန်ပါ) သဘောကျပြီလား. . (ကျပါတယ်ဘုရား) အယူမလွဲဘူးလား . . . (လွဲပါတယ်ဘုရား)။

ကိုစံလှရေ အယူမလွဲဘူးလား. . . (လွဲပါတယ်ဘုရား) ဘယ့်နှယ် ကိုယ့်ဒုက္ခ ကိုယ်ဆုတောင်းယူမယ်၊ ကိုယ့်ဒုက္ခ ကိုယ်လုပ်ယူမယ်ဆိုတဲ့လူ တစ်ဦး တစ်ယောက်သည် ဒကာဒကာမတို့ ပြိတ္တာမျိုးရင်လည်း ဖြစ်ရမယ်. . . (မှန်ပါ)။

## လာဘ်စားတဲ့ပုဂ္ဂိုလ်တွေ

တချို့လည်း ပြိတ္တာများမှာ ယခင်ကလာဘ်စားဖူးတဲ့ တရားသူကြီးတွေဖြစ်လို့၊ ဝန်ကြီးတွေဖြစ်လို့လာဘ်စားတဲ့ ပုဂ္ဂိုလ်တွေ နောက်ဘဝပြိတ္တာဖြစ်တဲ့ အခါကျတော့ သူ့လက်ကလည်း

လက်သည်းတွေကလည်း ရှည်ပါဘိနဲ့ အဲဒီလက်သည်းနဲ့ ကိုယ့်ကျောက အသားတွေကိုယ်ယူပြီး စားနေရတယ်. . . (မှန်ပါ)။

ပြိတ္တာဖြစ်တဲ့အခါ၊ အဲတော့ ကိုယ်ကျောက အသားကိုယ်ယူစားနေတော့ ဒီပြိတ္တာတွေ မောင်နိုင်က ဆုံးဖြတ်ချက်ချသြော်. . . သူ့ဒုက္ခသူရှာနေတာ. . . (မှန်ပါ)။

စားလည်းစားသေးတယ်၊ အော်လည်းနေရသေးတယ် . . . (မှန်ပါ) ဆိုတော့ သူ့ဝဋ်ဟာ မကြီးဘူးလား (ကြီးပါတယ်ဘုရား) ဒါသူ့ ဒုက္ခသူရှာတာနော်. . . (မှန်ပါ)။

သူ့လက်သည်းကြီးရှည်ရှည်နဲ့ သူ့ကျောက အသားတွေသူစားပြီး သကာလနေတော့ မြင်ရသူအပေါင်းက သူ့ဒုက္ခသူရှာ နေတာလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ် ဘုရား)။

အဲဒီလိုပဲ ဒကာ ဒကာမတွေ ဘာဖြစ်ရပါလို၏ ညာဖြစ်ရပါလို၏၊ ပုဂ္ဂိုလ်သတ္တဝါဖြစ်ရပါလို၏ဆိုတဲ့ ပုဂ္ဂိုလ်ကဖြင့် ကိုယ့်ဒုက္ခကိုယ်ရှာတဲ့ ကျောကအသားယူစားနေတာနဲ့ အတူတူပဲ . . . (မှန်ပါ)။

ထူးသေးရဲ့လား. . . (မထူးပါဘူးဘုရား) သဘောပါကြပြီလား. . . (ပါပါပြီဘုရား)။

## ဝဋ္ဋကံဆိုတာ

ဒါဖြင့် ဒီကံဘာကံခေါ်ကြမယ်. . . (ဝဋ္ဋကံပါဘုရား)

ဝဋ္ဋကံဆိုတာ ဒီဝဋ်ကို ရစေတတ်တဲ့ကံ. . . (မှန်ပါ) သဘောကျကြရဲ့လား. . (မှန်ပါ)။

ဒီဝဋ်ကို ရစေတတ်တဲ့ကံဖြစ်လေသောကြောင့် သူ့ဘာဆိုမယ်. . . (ဝဋ္ဋကံပါဘုရား) "ကမ္မဘဝပစ္စယာ ဇာတိ" ဆိုတာ မလုပ်ကောင်းဘူး. . . (မှန်ပါ)။

"ကမ္မဘဝပစ္စယာဇာတိ" ဆိုတာ. . . (မလုပ်ကောင်းပါဘူး ဘုရား) မလုပ်ကောင်းဘူးဆိုတာ သေချာကြပြီလား. . . (သေချာပါပြီဘုရား)။

ကုသိုလ်ကံလည်း မလုပ်ကောင်းဘူး၊ အကုသိုလ်ကံကလည်း ပင်ကိုကမလုပ်ကောင်းဘူး. . . (မှန်ပါ) ရှင်းကြရဲ့လား . . . (ရှင်းပါတယ်ဘုရား)။

ကောင်းပြီ. . . ဒါသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သဘောကျသွားတော့ ဩော်. . . ဒို့သည်ကားလို့ ဆိုလို့ရှိရင် ဒီကံနှစ်ခုကို၊ ဒီကံလည်းမကောင်းဘူး၊ ဒီအကျိုးပေးကော. . . (မကောင်းပါဘူး ဘုရား)။

မကောင်းမှန်းသိတော့၊ မကောင်းမှန်းသိတဲ့ဉာဏ်ဘာဉာဏ်ခေါ်ကြမတုံး. . . (မဂ်ဉာဏ်ပါဘုရား) ကောင်းပြီ . . . ဒါဖြင့် သူတို့နှစ်ခုချုပ်မှသာလျှင် ဒါတွေအေးတော့မယ်ဆိုတာက . . . (နိရောဓသစ္စာပါဘုရား) နိရောဓသစ္စာ၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

သူတို့ နှစ်ခုချုပ်တာ နိရောဓမကျဘူးလား. . . (ကျပါတယ်ဘုရား) ဒါတွေလည်းသိပြီးသကာလ သွားပါတော့၊ ကဲ. . . သွားကြပါဦးစို့. . . အလုပ်စခန်းမရောက်ပဲနေမှာ စိုးလို့ ဒီကံသည်ကားလို့ဆိုလို့ရှိရင် ဒကာ ဒကာမတို့ ကံ ကောင်းတယ်၊ မကောင်းတယ် သူ့ဖြစ်စေတဲ့ အကြောင်းသာ ကြည့်. . . (မှန်ပါ)။

## ဒီကံဘယ်ကလာသတုံး

ကဲ. . . ဒီကံဘယ်ကလာသတုံး. . . (ဥပါဒါန်ကပါဘုရား) ကိုင်း. . . ဥပါဒါန်ဆိုတာ ကုသိုလ်လား၊ အကုသိုလ်လား. . . (အကုသိုလ်ပါဘုရား)။

ဒါဖြင့် အကုသိုလ်ဦးစီးတဲ့ကံကြီး မောင်နိုင်-အုန်းသီးဆီ ဆွတ်မျိုးရင်ရမယ်၊ ဒီဥစ္စာကောင်းတယ်လို့တော့ မဟောနိုင်ဘူး . . . (မှန်ပါ)။

ဥပါဒါန ပစ္စယာ. . . (ကမ္မဘဝေါပါဘုရား) ကမ္မဘဝေါ ဆိုကတည်းက ဒကာ ဒကာမတွေ နဂိုကတည်းက အရုပ်ဆိုးနေတာကြီးကို ဘယ်လိုပင် ပေါင်ဒါ၊ သနပ်ခါးတွေ လိမ်းငြား သော်လည်း သူ့အတွက် သိပ်ထူးခြားလာမှာ မဟုတ်ပါဘူး. . . (မှန်ပါ)။

ထူးခြားပါ့မလား. . . (မထူးခြားပါဘုရား) ကောင်းပြီ ဒါဖြင့် ဥပါဒါနပစ္စယာ. . . (ကမ္မဘဝေါပါဘုရား) ဥပါဒါန်က အကုသိုလ်၊ သူက အုပ်ချုပ်တဲ့ ဖြစ်စေတဲ့ကံဆိုကတည်းကကို စောမောင်က စဉ်းစားလိုက် ကံကောင်းလား. . . ကံဆိုးလား. . (ကံဆိုးပါဘုရား) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဥပါဒါန်က သမုဒယ သစ္စာ၊ ကံက. . . (ဒုက္ခသစ္စာပါဘုရား) ဒုက္ခသစ္စာပေးမည့်ကံ၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

နှစ်ခုစလုံးသိတဲ့ဉာဏ်က. . . (မဂ်ဉာဏ်ပါဘုရား) ဩော်သူတို့ချုပ်မှာ. . . (နိရောဓသစ္စာပါဘုရား) သူတို့ချုပ်တာ သိလို့ရှိရင် နိရောဓသစ္စာဆိုတော့ ဒီဥပါဒါန်တွေလည်း၊ ကံတွေ လည်းဖြစ်ပျက်မရှုရင် ခင်ဗျားတို့ ကျုပ်တို့တော်ပါ့မလား. . . (မတော်ပါဘူးဘုရား)။

## တဏှာကလာတာ

ကိုင်း. . . တစ်ခါသွားလိုက်ပါဦး ဒီဥပါဒါန် မောင်နိုင် ရေ ဘယ်ကများလာပါလိမ့်မလဲ. . . (တဏှာက လာတာပါ ဘုရား) ဩော်. . . ခက်လိုက်တာ၊ ဒီဥပါဒါန်ကလည်း တဏှာအရင့်စား၊ တဏှာဆိုတာက တဏှာ အနုစား၊ အနုစားက အရင့်စားဖြစ်စေတယ်ဆိုတော့ ဘူးခါးသီးဟာ ကိုစောမောင်

စဉ်းစားကြည့်စမ်းပါ ငယ်ငယ်ကလည်း ခါးတာပဲ . . . (မှန်ပါ) ရင့်တော့ကော. . . (ခါးပါတယ်ဘုရား)။

ဒါဖြင့် အခါးက အခါးကျေးဇူးပြုနေတာ မောင်နိုင် မင်းသည်ကားလို့ဆိုရင်ဖြင့် ချက်ပြုပ်စားလို့ကောင်းပါ့မလား . . . (မကောင်းပါဘူးဘုရား) ရှင်းကြပြီလား ဒကာ ဒကာမတို့ . . . (ရှင်းပါပြီဘုရား)။

တဏှာက ဘူးခါးသီးသေးသေးလေး. . . (မှန်ပါ) ဥပါဒါန်က ဘူးခါးသီးရင့်တာ. . . (မှန်ပါ)ကဲ. . . ဘယ်အသီး ကိုခင်ဗျားတို့ စားသင့်သတုံး. . . (ဘယ်အသီးမှ မစားသင့် ပါဘူးဘုရား)။

ကဲ. . . ဒါကြောင့် ဒီဥစ္စာဘုရားသခင်ကိုယ်တော်မြတ် ကြီးက အင်းပယ်မှ ရမယ်ဟော့၊ ဆိုတာ ဘူးခါးသီးမျိုးဖြစ်နေလို့ မှတ်လိုက်ပါ. . . (မှန်ပါ) သဘောပါပြီလား. . . (ပါပါတယ် ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် တဏှာက သမုဒယသစ္စာ၊ ဥပါဒါန်က. . . (ဒုက္ခသစ္စာပါဘုရား) သိတဲ့ဉာဏ်က. . . (မဂ္ဂ သစ္စာပါဘုရား)။

ဩော်. . . ဥပါဒါန နိရောဓော၊ ဥပါဒါန်ချုပ်ရင် နိဗ္ဗာန်ပဲ၊ တဏှာ၊ ဥပါဒါန်ချုပ်ရင် ဘာခေါ်ကြမယ်. . . (နိဗ္ဗာန်ပါဘုရား)။

အဲဒါကြောင့် "တဏှက္ခယောတိ နိဗ္ဗာနံ" လို့ဟော တယ်. . . (မှန်ပါ) သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

တဏှက္ခယောတိ. . . (နိဗ္ဗာနံပါဘုရား) ဟော. . . တဏှာနဲ့ ဥပါဒါန်ဟာ တဏှာချည့်ပဲ၊ "တဏှက္ခယောတိ နိဗ္ဗာနံ" လို့ ဘုရားကဟောပြန်တော့လည်း ဟောထိုက်မဟောထိုက် . . . (ဟောထိုက်ပါတယ်ဘုရား) အဲဒါ နိရောဓသစ္စာ သိတာ. . . (မှန်ပါ)။

## တဏှာဘယ်ကလာပါလိမ့်

ကောင်းပြီ. . . ဒါဖြင့် ဒီတဏှာဘယ်ကလာပါလိမ့်မလဲ . . . (ဝေဒနာက လာတာပါဘုရား)။ ဝေဒနာက လာတယ်ဆို တော့ အခုတရားနာနေတဲ့ ဒကာ ဒကာမတွေ ဘုန်းကြီး ပြောတဲ့တရားကို ကောင်းတယ်ဆိုတာလည်း ခင်ဗျားတို့ ခန္ဓာထဲ ဝေဒနာက၊ ဝေဒနာရှိလို့ဝေဒနာက ကောင်းတယ်ပြောတာ . . . (မှန်ပါ)။

မကောင်းဘူး ပြောတော့လည်း ဘယ်သူရှိလို့ ပြောတာ တုံး. . . (ဝေဒနာရှိလို့ပါဘုရား)။ အဲ. . . ကြားရ၊ ပြန်တော့ လည်း ဘယ်သူရှိလို့ပါလိမ် . . . (ဝေဒနာရှိလို့ပါဘုရား)။

ဝေဒနာရှိလို့ပဲ၊ ကြားတာက ဥပေက္ခာဝေဒနာ၊ "ဥပေ က္ခာသဟဂတံ သောတဝိညာဏံကိုး . . (မှန်ပါ)။

ကြားတာလည်း ဘယ်သူ့ကြောင့်ကြားတုံး ... (ဝေဒနာကြောင့်ပါဘုရား)။ ဝေဒနာကကြားတော့ ဩော်... ဒို့တရားနာနေတဲ့ ခန္ဓာကိုဆိုတာပါလား... (မှန်ပါ)။ ပေါ်လာပြီ ... (ပေါ်လာပါပြီဘုရား)။

ဒကာ ဒကာမတို့ ဘယ်သူဆိုတာပါလိမ့်... (တရားနာနေတဲ့ ခန္ဓာကို ဆိုတာပါဘုရား)။ ဩော်... ဝေဒနာ၊ ဝေဒနာဆိုတော့ ဒကာ ဒကာမတွေ တခြားလားအောက်မေ့နေတယ် ဒို့ကိုဆိုနေတာပါလား... (မှန်ပါ) ပေါ်လာကြပြီ လား ... (ပေါ်လာပါပြီဘုရား)။

## ဝေဒနာနဲ့တရားနာတယ်

ဒါဖြင့် ဝေဒနာတစ်ခုတည်းနဲ့ နာနေကြသလား၊ ဘုန်းကြီးတရားတွေ၊ မှတ်မိအောင်မှတ်မယ်ဆိုတာလေးများ ပါကြသေးလား... (ပါပါတယ်ဘုရား)။ ဒါဖြင့် သညာနဲ့လည်း နာနေကြတယ်... (မှန်ပါ)။ သဘောကျရဲ့လား ... (ကျပါတယ်ဘုရား)။

## သညာပါတယ်

သညာနဲ့လည်း နာမှတ်နေကြတယ်ဆိုတာကိုလည်း ကိုပေါ်တို့၊ ကိုစံလှတို့ ငြင်းဖို့လိုသေးသလား... (မလိုပါဘူး ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ မှတ်ရုံလေးမှတ်သလားတဲ့၊ တရားနာတဲ့အခါမှာ ဒကာ ဒကာမတို့ နာလိုတဲ့ စေတနာလေး ကောမပါဘူးလား. . . (ပါပါတယ်ဘုရား)။

## စေတနာပါတယ်

စေတနာက သင်္ခါရက္ခန္ဓာ . . . (မှန်ပါ)။ သင်္ခါရက္ခန္ဓာ လည်းပါတယ်. . . (မှန်ပါ)။ ဒီ သင်္ခါရက္ခန္ဓာခိုင်းတဲ့ အတိုင်းတဲ့ ဒကာ ဒကာမတွေ၏ စိတ်ကလေးကလည်း တရားထဲမျှား ဝင်စားကြရဲ့လား. . . (ဝင်စားပါတယ်ဘုရား)။ ဝင်စားတယ် ဆိုတော့ စိတ်ကလည်း ပါတာပဲ. . . (မှန်ပါ)။ သဘောကျ ရဲ့လား. . . (ကျပါတယ်ဘုရား)။

ဒကာ ဒကာမတို့ လက်အုပ်ချီတော့၊ လက်အုပ်ချီကြ တယ်၊ ဘုန်းကြီးဘက်မျက်နှာမူကြတယ်၊ ဒါတွေက ရုပ်ဓမ္မတွေပဲ . . . (မှန်ပါ)။ ဒါတွေ မပါပဲနဲ့ တရားနာလို့ ဖြစ်ရဲ့လား . . . (မဖြစ်ပါဘူးဘုရား)။

## ရူပက္ခန္ဓာပါတယ်

မဖြစ်တော့ ရူပက္ခန္ဓာကြီးကလည်း ပါနေတယ်. . . (ပါ ပါတယ်ဘုရား)။ မပါဘူးလား. . . (ပါပါတယ်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ "ဝေဒနာ ပစ္စယာ တဏှာ" လို့ ဆိုပြောသော်လည်း ခန္ဓာပစ္စယာ တဏှာလို့ မှတ်လိုက်တော့. . . (မှန်ပါ)။

ခန္ဓာငါးပါးကြောင့် ဘာလာဖြစ်သတုံး. . . (တဏှာလာဖြစ်ပါတယ်ဘုရား)။ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒီခန္ဓာငါးပါးဟာ ဒကာ ဒကာမတွေ သေသေချာချာမှတ်လိုက်စမ်းပါ လောကလို့ခေါ်သည် . . . (မှန်ပါ)။ ခန္ဓာလောက. . . (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

## ခဏခဏဖြစ်ပျက်နေလို့လောက

ခန္ဓာကြီး ဘာခေါ်ကြမတုံး. . . (လောကပါဘုရား)။ လောကလို့ မှတ်လိုက်စမ်းပါ၊ လောကဆိုတာက "လုဇ္ဇန ပလုဇ္ဇန ဌေနလောကော" ခဏခဏဖြစ်ပျက်နေလို့ သူ့ဘာဆိုကြမလဲ . . . (လောကပါဘုရား)။

လောကဆိုတာ ဒကာ ဒကာမတွေ ရိပ်မိကြပြီလား . . . (ရိပ်မိပါပြီဘုရား)။ ဖြစ်ပျက်ကို ဘာခေါ်မယ်. . (လောကပါဘုရား)။ "လုဇ္ဇန ပလုဇ္ဇန ဌေန" လောကော လုဇ္ဇန ပလုဇ္ဇနဌေန ခဏခဏဖြစ်၊ ခဏခဏပျက်နေသောကြောင့် လောကော၊ ဒါ-ဝိပါကဝဋ်တရားကြီးပဲကွ. . . (မှန်ပါ)။ ရိပ်မိကြပြီလား. . . (ရှင်းပါပြီဘုရား)။

ဘယ်နှယ့်ကြောင့် လောကတုံး အို . . ခဏခဏဖြစ်၊ ခဏခဏပျက်နေသောကြောင့် လောကပေါ့၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဒီလောက်တောင် ဖြစ်ပျက်နေရတဲ့ပုဂ္ဂိုလ် ဝင့်ကြွတ်တာလား၊ ဝင့်ထဲနေတာလား. . . (ဝင့်ထဲနေတာပါ ဘုရား)။ ဒါဖြင့် ဝင့်ပဲ . . . (မှန်ပါ)။ ရိပ်မိကြပြီလား. . . (ရိပ်မိပါပြီဘုရား)။

သေသေချာချာမှတ်ပါ ဒါ-မနေ့ကထက် ထူးခြားပြီး သကာလ လာတဲ့အမိပ္ပါယ်လို့ မှတ်လိုက်စမ်းပါ. . . (မှန်လှပါဘုရား)။

ဒါဖြင့် သူ့ကို ဘာခေါ်ကြမယ်. . . လောက၊ ဘယ်နှယ်ကြောင့် မောင်နိုင် သူ့လောက နာမည်ပေးပါလိမ့် . . . (ဖြစ်ပြီးပျက်နေလို့ပါဘုရား)။ ဖြစ်ပျက်နေလို့ သူ့လောက. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

## ဝဋ်သင့်တဲ့ပုဂ္ဂိုလ်

အဲ. . . နောက်ကျတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက လောကဆိုတာ ဖြစ်ပျက်နေတာပဲ ဒါကြောင့် ဘယ်လို ပုဂ္ဂိုလ်ဖြစ်ပျက်သတုံးဆိုတော့ ဝဋ်သင့်တဲ့ ပုဂ္ဂိုလ်ကွ . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ဘယ်လိုပုဂ္ဂိုလ်ပါလိမ့်. . . (ဝဋ္ဋသင့်တဲ့ပုဂ္ဂိုလ်ပါ ဘုရား) ဝဋ္ဋသင့်တဲ့ပုဂ္ဂိုလ်လို့ ကောင်းကောင်းရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့တရားနာရတာ လောကဝဋ္ဋကြီးကျွတ်ဖို့ပဲ. . . (မှန်ပါ)၊ ဘယ်လိုဆိုကြပါ့မယ် . . . (လောကဝဋ္ဋကြီးကျွတ်ဖို့ပါဘုရား)။

ဩော်. . . လောကဝဋ္ဋကျွတ်ဖို့ကို ဒကာ ဒကာမ တွေက စိတ်ထားကြ၊ ဒီလောကကြီးက ကျုပ်ထွက်ချင်ပြီ၊ ထွက်ချက်လို့ရှိရင်ဖြင့် ကျုပ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် အမျိုးမျိုး ဒီဆရာကောင်း သမားကောင်းတွေ နားထောင်ပြီး သကာလ လောကကြီးထဲက ထွက်အောင်လုပ်မှပဲဆိုပြီး လုပ်ကြငြားသော်လည်း လောကမှ မတွေ့သေးတဲ့ ပုဂ္ဂိုလ်က ကိုစောမောင် လောကကြီးက ထွက်ချင်တယ်ဆိုတဲ့ စကားဟာ အပိုပါပဲ . . . (မှန်ပါ)။

ဒီဘဝ မပျော်လို့ ဟိုဘဝထွက်တာသာရှိပါလိမ့်မယ်. . (မှန်ပါ)။ ဒိပြင်ဘာရှိသေးသတုံး. . . (မရှိပါဘူးဘုရား)။ ဒီဘဝ မပျော်လို့ . . . (ဟိုဘဝထွက်တာပါဘုရား)။ ဟိုဘဝထွက်တာ သာရှိပါလိမ့်မယ်ဆိုတော့ ဒီဝဋ္ဋက ဟိုဝဋ္ဋပြောင်းတာပဲ ရှိပါတယ် . . . (မှန်ပါ)။

## ဘဝဆုတောင်းရင်ထောင်ပြောင်းတာ

တခြားဘာရှိသေးသတုံး . . . (မရှိပါဘူးဘုရား)။ ကိုစံလှရေ ရိပ်မိပြီ . . . (ရိပ်မိပါပြီဘုရား)။ ဒါဖြင့် ဟိုဘဝ ဒီဘဝ ဆုတောင်းတဲ့ ပုဂ္ဂိုလ်ဟာ ထောင်ပြောင်းတာ . . . (မှန်ပါ)။

ဘယ်လိုဆိုကြပါ. . . (ထောင်ပြောင်းတာပါဘုရား)။ ထောင်ပြောင်းတာတော့ ကိုစောမောင် မထူးလှပါဘူး . . . (မှန်ပါ)။ နောက်က ဒကာ ဒကာမတွေ ထောင်ပြောင်းတာများ အားကျစရာလိုသေးသလား . . . (မလိုပါဘူးဘုရား)။

ဘာမှ မလိုဘူးတဲ့၊ ဒီထောင်က ဟိုထောင်ပြောင်းတာ ဟိုထောင်ကျတော့လည်း ဒီမုံညင်းစိုက်၊ မုံလာစိုက်ပြီး သကာလ ဒီအဝတ်တွေ ဝတ်ပြီး ဒီသံကွင်းစွပ်နေရမှာပါပဲ. . . (မှန်ပါ)။

မဟုတ်ဘူးလား၊ ဟိုဘက်ထောင်ကျတော့ကော ထူးအုံးမှာလား. . . (မထူးပါဘူးဘုရား)။ အဲ့ဒါတွေ သိထားတော့မှ ဩော်. . ဘုရားရှေ့သွားပြီးသကာလ ထောင်ပြောင်းဆုများ တောင်းနေကြတဲ့ ဒကာ ဒကာမတွေ ဝဋ်ကိုလည်း မသိပါ။ လောကကိုလည်း . . . (မသိပါဘူးဘုရား)။

လောကဆိုတာ ဘယ်နှယ့်ကြောင့် လောကပါလိမ့်. . (ဖြစ်ပျက်နေလို့ပါဘုရား)။ ဖြစ်ပျက်နေတဲ့ သဘောတရားကို လောကလို့ ခေါ်တာ. . . (မှန်ပါ)။

အဲ့ဒါ ဘုရားက နိဂုံးချုပ်လိုက်တော့ဘာတဲ့ ဝဋ်သင့်တာ၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။ ဝဋ်သင့်တာ ဆိုတာ ကျေနပ်ကြပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဒါဖြင့် ဒီခန္ဓာမကောင်းလို့ ဟိုခန္ဓာပြောင်းတဲ့ ပုဂ္ဂိုလ်များသည် ဟိုမှာပဲ ပျက်ပြီး၊ ဟိုမှာ ဝဋ်သင့်တာမှ တစ်ပါးကိုစောမောင် ဘာရစရာရှိသေးသတုံး . . . (ဘာမှ ရစရာ မရှိပါဘုရား)။

အဲဒီကဲ့သို့ ဘုန်းကြီးများက ရှင်းရှင်းလင်းလင်းနဲ့ ဒကာ ဒကာမတွေကို ဆုံးမတော့မှ ဩော်-ဒီဝဋ်ဆိုတာ အသေအချာ စဉ်းစားကြည့်တဲ့အခါကျတော့မှ မောင်နိုင်ရေ ဘာသစ္စာဖွဲ့မယ် . . . (ဒုက္ခသစ္စာပါဘုရား)။

## ခန္ဓာငါးပါးဒုက္ခသစ္စာ

ဒီကျတော့ ဘုရားက သံခိတ္တေန ငါရှင်းရှင်းပြောရမှာဖြင့်၊ ပဥ္စုပါဒါနက္ခန္ဓာ မင်းတို့ရထားတဲ့ ခန္ဓာငါးပါးသည်၊ ဒုက္ခာ ဒုက္ခသစ္စာပဲဆိုတော့ ဝဋ်ကြီးကို သေချာနေတာပဲ. . . (မှန်ပါ)။ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

အဲ့ဒီလို့ သေချာတော့မှ ကိုင်း. . . ဒကာ ဒကာမတို့ ဒီဝဋ်ကျွတ်ချင်ရင် ဘာလုပ်ရမတုံးလို့မေးတဲ့အခါကျလို့ရှိရင် ကွာတာ. . ငါဘုရားသခင်ကိုယ်တော်မြတ်ကြီးသည်

လောကုတ်တိ ဒုက္ခသစ္စာ၊ သဘောကျပြီလား. . . (ကျပါတယ် ဘုရား)။

လောကုတ်တိ. . . (ဒုက္ခသစ္စာပါဘုရား) ဟော အသေ အချာဟောတာ၊ စတုကနိပါတ် အင်္ဂုတ္တိုရ်၊ လောကဝဂ် ရောဟိတနတ်သား ဟောတာ. . (မှန်ပါ)။ လောကုတ်တိ ဘာတဲ့ . . . (ဒုက္ခသစ္စာပါဘုရား)။

လောကသမုဒယတိ သမုဒယသစ္စာဆိုတော့ သူ့ကို ဖြစ်စေတဲ့ ခန္ဓာငါးပါး ပစ္စယာက သင်္ခါရတို့မလာဘူးလား . . . (လာပါတယ်ဘုရား) အဝိဇ္ဇာတို့ . . . (လာပါတယ်ဘုရား) မလာပေဘူးလား. . . (လာပါတယ်ဘုရား)။

သူတို့က သမုဒယ သစ္စာဖြစ်တယ်. . . (မှန်ပါ)။ သူက ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။ ဒကာ ဒကာမတွေ ဒီနေ့ ရှေ့တိုးလိုက်တယ်နော်. . . (မှန်ပါ)။

ဒါဖြင့် ဒကာ ဒကာမတို့ သင်္ခါရပစ္စယာ ဝိညာဏ်ဆို တော့ ဒီထဲမှာစိတ်က ပါပြီးသားဖြစ်နေတယ်. . . (မှန်ပါ)။ ဒါကြောင့် သင်္ခါရပစ္စယာ ခန္ဓာငါးပါး. . . (မှန်ပါ)။ သဘောကျ ပြီလား . . . (ကျပါတယ်ဘုရား)။

## ခန္ဓာငါးပါးဖြစ်တယ်

သင်္ခါရပစ္စယာ. . . (ခန္ဓာငါးပါးပါဘုရား)။ အဲ. . . ဝိညာဏ်နာမ်ရုပ် ရွတ်မနေနဲ့ ဝိညာဏ်ပါလို့ရှိရင် နာမ်ရုပ်က

လည်း (ပါပြီးသားပါဘုရား)။ သင္ခါယတန. . . (ပါပြီးသားပါ ဘုရား)။ ဖဿကော. . . (ပါပြီးသားပါဘုရား)၊ ဝေဒနာကော . . . (ပါပြီးသားပါဘုရား)၊ ခန္ဓာငါးပါးဖြစ်တယ်လို့ မှတ်လိုက် . . . (မှန်ပါ)။

သင်္ခါရကြောင့်. . . (ခန္ဓာငါးပါးဖြစ်ပါတယ်ဘုရား)။ ဒါဖြင့် သင်္ခါရက သမုဒယသစ္စာ၊ သဘောကျပြီလား. . . (ကျပါ တယ်ဘုရား)။ ဒီခန္ဓာငါးပါးက . . . (ဒုက္ခသစ္စာပါဘုရား)။ ရှင်းပြီနော်. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် လောက ငါရှင်းအောင်ပြောမယ်ဟေ့ဆိုတော့ လောကတိဒုက္ခသစ္စာ၊ လောကသမုဒယံတိ သမုဒယသစ္စာ၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

လောကနိရောဓံတိ ဆိုတဲ့ဥစ္စာကတော့ သမုဒယနဲ့ ဒုက္ခချုပ်တာ. . . (မှန်ပါ)။ သင်္ခါရနဲ့ ခန္ဓာငါးပါးချုပ်တာ. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ပဋိပဒံတိ မဂ္ဂသစ္စံဆိုတော့ မင်းတို့မပွားများလို့ရှိရင် ချုပ်ကို မချုပ်ဘူး. . . (မှန်ပါ)။ သဘောကျကြပြီလား. . . (မှန်ပါ)။ မပွားများရင်. . . (မချုပ်ပါဘူးဘုရား)။

ချုပ်ကို မချုပ်ဘူးလို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ရင်းရင်းနှီးနှီး စွဲစွဲမြဲမြဲမှတ်လိုက်စမ်းပါ. . . (မှန်ပါ)။ သတိပေး လိုက်တယ်နော်. . . (မှန်ပါ)။

ကိုင်း. . . ဒါဖြင့် မင်းတို့ကွာတဲ့ အဲဒီ ရောဟိတ နတ်သားဟောတော့ ငါသည်ကားလို့ဆိုလို့ရှိရင်ကွာတဲ့ နိဗ္ဗာန်ကို မင်းတို့ဝေးတယ်လို့ ငါမဟောပါဘူး၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

လောကဆိုတာလည်း မင်းသည်ကားလို့ဆိုရင် တခြားမဟုတ်ပါဘူးတဲ့၊ ဒါ နှစ်ခုဆိုနေတာပါ. . . (မှန်ပါ)။ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ကောင်းပြီ. . . ဒါဖြင့် တိဏ၊ ဝနပဗ္ဗတေသု နဟောတိ မင်းတို့ခန္ဓာငါးပါး ဒီမြက်တွေ တောတွေ တောင်တွေပေါ်မှာ နိဗ္ဗာန်ရှိတယ်လို့ ဟောတာမဟုတ်ဘူး၊ မင်းတို့ခန္ဓာငါးပါးအပေါ်မှာ ရှိတယ်လို့ဟောတာ. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

## နိဗ္ဗာန်ဘယ်မှာရှိသတုံး

နိဗ္ဗာန်ဘယ်ရှိတုံး . . . (ခန္ဓာငါးပါးအပေါ်မှာရှိပါတယ်ဘုရား)။ ခန္ဓာငါးပါးမှာ ရှိတယ်ဆိုတာ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒါကြောင့် လောကံတိ ဒုက္ခသစ္စာ၊ လောကသမုဒယံတိ သမုဒယသစ္စာဆိုတဲ့အတိုင်း ဣမသ္မိံယေဝသရီရေဗျာမပတ္တေကဠေဝရေ၊ တစ်လံမျှလောက်ရှိသော ခန္ဓာကိုယ်ထဲ နိဗ္ဗာန်ရှာယူကွ. . . (မှန်ပါ)။ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

## ခန္ဓာကိုယ်ထဲမှာနိဗ္ဗာန်ရှာပါ

တစ်လံမျှလောက်ရှိသော ခန္ဓာကိုယ်ထဲမှာ . . (နိဗ္ဗာန်ရှာရမှာပါဘုရား)။ နိဗ္ဗာန်ရှာယူဆိုတော့ ဒါဖြင့် အဝေးရှာလေ မောင်နိုင် မတွေ့လေ. . . (မှန်ပါ)။

ကိုစောမောင် အဝေးရှာလေ. . . (မတွေ့လေပါဘုရား)။ ခန္ဓာထဲရှာရင်တော့ . . . (တွေ့ပါတယ်ဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့က သတိပေးရတယ် ပါဠိတော်တွေထဲကြည့်၊ မှန်ကလည်း မှန်လွန်းလို့ ကိုယ်ကိုယ်တိုင်က လည်း သဘောကျထားလို့ ဒကာ ဒကာမတွေ နိဗ္ဗာန်အရှာမလွဲစေနဲ့. . . (မှန်ပါ)။ နိဗ္ဗာန်အရှာမလွဲစေနဲ့တော့ဆိုတာ အင်မတန် သတိပေးရတယ်. . . (မှန်ပါ)။

တချို့က တံမြက်စည်းလှဲရှာတာလည်း ရှိသေးတယ် . . . (မှန်ပါ)။ တချို့ ရေအိုးစဉ် တည်ရှာတယ်. . . (မှန်ပါ)။ ဉပနိဿယသာဖြစ်ပါတယ်တဲ့ အရှာစစ်တော့ မဟုတ်ဘူး . . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။ ရှင်းကြပြီ . . . (ရှင်းပါပြီဘုရား)။

## ရောဟိတနတ်သားကိုဟော

ဒါဖြင့် ဘုရားက တစ်လံမျှလောက်သော ကိုယ်ထဲမှာ ရှာလို့ ရောဟိတနတ်သား အသေအချာဟောတယ်. . .

(မှန်ပါ)။ ဘယ်ရှာရမတုံး. . . (တစ်လံမျှလောက်သော ကိုယ်ထဲမှာ ရှာရမှာပါဘုရား)။

ကိုယ့်အလံနဲ့ ကိုယ်လံကြည့် ဒကာ ဒကာမတို့ လေးတောင်ချည့်ရှိကြမှာပဲ လူတိုင်း. . . (မှန်ပါ)။ ပုတ့် ပုဂ္ဂိုလ်လည်း၊ ကိုယ့်အတောင်နဲ့ ကိုယ်တော့. . . (လေးတောင်ပါဘုရား) ရှည်တဲ့ပုဂ္ဂိုလ်လည်း . . . (လေးတောင်ပါဘုရား)။

အဲဒီမှာ ရှာလို့ဆိုထားတာ. . . (မှန်ပါ)။ သပညေဟိ သမဏကေတဲ့၊ သညာရှိတဲ့နေရာ၊ စိတ်ရှိတဲ့နေရာ ရှာပါကွ ဆိုတော့ ခန္ဓာငါးပါးထဲရှာပါလို့ ပြောထားတာ. . . (မှန်ပါ)။

အဲဒီမှာ လောကဥ္စ ပညာပေမိတဲ့ လောကဆိုတာလည်း ဒီခန္ဓာငါးပါးဆိုတာ၊ လောကသမုဒယဥ္စပညာပေမိတဲ့ လောကဖြစ်ကြောင်းဟာလည်း သူဖြစ်မှုပါတာပဲကွ . . . (မှန်ပါ)။ ဟုတ်ဖူးလား. . . (မှန်ပါ)။

လောကနိရောဓဥ္စ ပညာပေမိတဲ့ လောကချုပ်ရာ နိဗ္ဗာန်ဟာလည်း ဒီအထဲမှာပဲ ငါပညတ်တယ် သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ အဝေးမရှာပါနဲ့ဆိုတာကို ဝမ်းထဲက လှိုက်လှိုက်လဲလဲနဲ့ ခင်ဗျားတို့ကို သတိပေးတယ်. . . (မှန်ပါ)။

အဝေးရှာလေလေ မောင်နိုင် . . . (မတွေ့လေလေပါဘုရား)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။ ရှိရာမရှာပဲနဲ့ မရှိရာ ရှာနေကြမယ်ဆိုလို့ရှိရင် ကိုစောမောင်သွားပြီး . . . (မှန်ပါ)။ မောရုံပဲ. . . (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်ရှာရင် ခန္ဓာမှာတွေ့ပါလိမ့်မယ်. . . (မှန်ပါ)။ နိဗ္ဗာန်ရှာရင်. . . (ခန္ဓာမှာတွေ့မှာပါဘုရား)။ ခန္ဓာမှာတွေ့ပါလိမ့်မယ်ဆိုတာ ဘယ်အခါကာလမှ မမေ့ပါနဲ့. . . (မှန်ပါ)။ နိဗ္ဗာန်ရှာချင်လို့ရှိရင် ခန္ဓာထဲမှာပဲ တွေ့လိမ့်မယ်. . . (မှန်ပါ)။

ခန္ဓာငါးပါးထဲမှာ တွေ့မှာပေါ့ အို. . . ခန္ဓာငါးပါးဆုံးတဲ့အခါတွေ့တာပဲ . . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

## နိဗ္ဗာန်ရှာချင်ရင်ဘယ်မှာရှာရမယ်

နိဗ္ဗာန်ရှာရင် ဘယ်မှာ ရှာရမယ်. . . (ခန္ဓာငါးပါးထဲမှာ ရှာရမှာပါဘုရား)။ အဲ. . . ရှာဖန်များလာတော့ ဒီခန္ဓာကြီးဟာ ခုနက စပြောခဲ့သလို ကိုစောမောင်ရေ အသေတွေ နင်းနင်းသွားနေရတယ်နောက် အသေတွေမုန်းလာတယ်. . . (မှန်ပါ)။ နောက် ဒီအသေတွေ ငြိမ်းချင်တဲ့ သဘောမပေါ်ပေဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ငြိမ်းချင်တဲ့သဘောပေါ်တဲ့အခါကျတော့ အသေပျောက်တယ်. . . (မှန်ပါ)။ အသေပျောက်တော့ အနေဆိုတဲ့ နိဗ္ဗာန်ရောက်တယ်. . . (မှန်ပါ)။

အသေပျောက်တော့. . . (အနေဆိုတဲ့ နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။ အနေ နိဗ္ဗာန်ရောက်လာတယ်ဆိုတော့ အားငယ်စရာ ရှိသေးသလား. . . (မရှိပါဘူးဘုရား)။

ဩော်. . . ဒါဘယ်မှာရှာလို့ မောင်နိုင် အနေ နိဗ္ဗာန် တွေ့တာပါလိမ့်. . . (ခန္ဓာမှာရှာလို့ပါဘုရား)။ ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရှာတာဟာ မလွဲဖို့ အကြောင်းကို ယနေ့အထူးတလည် ပြောပြန်တော့ ဩော် ဒို့ရှာနေတာက မရှိရာရှာနေတယ်. . . (မှန်ပါ)။ မဆိုထိုက်ဘူးလား. . . (ဆိုထိုက်ပါတယ်ဘုရား)။

## မရှိတာရှာလို့မတွေ့တာ

မရှိရာရှာနေတယ်ဆိုလို့ရှိရင်ဖြင့် ဒီမိုးကုတ်မြေမှာ အေးလွန်းလို့ ကွမ်းပင်လည်း မပေါက်နိုင်၊ မကျည်းပင်၊ ဆီးပင် တို့လည်း၊ မပေါက်နိုင်၊ ဒီနေရာ လျှောက်ရှာနေမယ်ဆိုရင်ဖြင့် ကျုပ် ဆီးသီးလိုချင်လို့၊ မကျည်းသီးလိုချင်လို့၊ ကွမ်းစားချင်လို့ ကွမ်းပင်ရှာနေတယ်ဆို ကိုစောမောင်ရှာလေမတွေ့လေပဲ . . . (မှန်ပါ)။

မရှိရာကို . . . (ရှာနေလို့ပါဘုရား)။ ရှိရာရှာရင်တော့ ဖြင့် . . . (တွေ့ပါတယ်ဘုရား)။ မုံညှင်းရှာမယ်၊ ဆိုင်ရာ မက်ခေါက်ရှာမယ်၊ ပန်းမုန်လာရှာမယ် တွေ့မှာပဲ . . . (မှန်ပါ)။

ဒီမှာလည်း ဒုက္ခ ဒုက္ခမတွေ့ ရှိရာရှာလို့ရှိရင် တွေ့ကြပါလိမ့်မယ်. . . (မှန်ပါ)။ ဒါဖြင့် ကျုပ်တို့ တစ်သံသရာ လုံးဟာ ဘယ်နှယ့်ကြောင့် နိဗ္ဗာန်ကို ကျုပ်တို့ မျက်မှောက်မပြု နိုင်ပါလိမ့်မတုံး၊ ဘယ်နှယ့်ကြောင့် မရောက်နိုင်ပါလိမ့်မတုံးဆို တာ မရှိရာ ရှာနေလို့၊ သဘောပါပြီလား. . . (ပါပါပြီဘုရား)။

## ခန္ဓာနဲ့ဉာဏ်နဲ့တည့်ရမှာ

ဘယ်လို ဆုံးဖြတ်ချက်ချမတုံး. . . (မရှိရာ ရှာနေလို့ ပါဘုရား)။ ဒါဖြင့် ခန္ဓာနဲ့ ဉာဏ်နဲ့တည့်ပါ. . . (မှန်ပါ)။ ဘယ်လို . . . (ခန္ဓာနဲ့ဉာဏ်နဲ့ တည့်ရမှာပါဘုရား)။ သဘောပါကြပြီလား . . . (ပါပါတယ်ဘုရား)။

တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာ ရှာပါကွာလို့ ဆိုပါရဲ့သားနဲ့ ကျုပ်တို့က နှစ်လံဆီသွားရှာနေတော့ ကိုစောမောင် . . . (မတွေ့ပါဘူးဘုရား)။ သွားပြီတဲ့ မရနိုင်ဘူး၊ မရနိုင်ဘူး. . . (မှန်ပါ)။

ဘာကြောင့်တုံးဆိုတော့ ဒုက္ခရှိတဲ့ နေရာမှ ဒုက္ခအဆုံး တွေ့မှာကိုး. . . (မှန်ပါ)။ သဘောကျပြီလား. . . (မှန်ပါ)။

အဲဒါ ဝတ္ထုမထုတ်တော့ပါဘူး၊ သူတို့ အရှာလွဲပုံကို ဝတ္ထုမထုတ်တော့ပါဘူး၊ ဒကာ ဒကာမတွေ အရှာတည့်ဖို့သာ ဘုန်းကြီးက အဓိကထားပြောဆိုနေပါတယ်. . . (မှန်ပါ)။

## နိဗ္ဗာန်ရှာရင်ခန္ဓာမှာတွေ့မယ်

ကဲ. . . ဒါဖြင့် နိဗ္ဗာန်ရှာရင် ခန္ဓာမှာတွေ့ပါလိမ့်မယ် . . . (မှန်ပါ)။ ဒကာ ဒကာမတို့ နိဗ္ဗာန်ရှာရင်. . . (ခန္ဓာမှာ တွေ့မှာပါဘုရား)။ ခန္ဓာမှာတွေ့ပါလိမ့်မယ်ဆိုတာ ယနေ့ ကောင်းကောင်းရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ကောင်းပြီ ရှေ့ကို တရားမဟောသေးပါဘူး၊ ဒီဘက်မှာ ကျန်သေးတယ် ဟောစရာတွေ၊ သို့သော် ရှာနည်းကို သင်ကြစို့ တော့. . . (မှန်ပါ)။

လောကံတိ ဒုက္ခသစ္စာဆိုတော့ ဒီလောက . . . (မှန်ပါ)။ လောကသမုဒယံတိ သမုဒယသစ္စာဆိုတော့ သူဖြစ် စေတဲ့အကြောင်း. . . (မှန်ပါ)။

လောကနိရောဓံတိ နိရောဓသစ္စာဆိုတော့ သူသာချုပ် လို့ရှိရင် ဘာသစ္စာတုံး. . . (နိရောဓသစ္စာပါဘုရား)။

## လိုချင်လို့ရထားတဲ့ခန္ဓာ

ဒါဖြင့် ကျုပ်တို့သည် သူ့ဟာလိုချင်လို့ ရထားတာကိုစောမောင်. . . (မှန်ပါ)။ ခန္ဓာငါးပါးဟာ ဒကာ ဒကာမတွေ ဘယ်နှယ့်ကြောင့်. . . (လိုချင်လို့ရထားတာပါဘုရား)။

လို့ချင်တဲ့ တရားကြောင့် ရထားတဲ့ခန္ဓာ၊ လိုချင်တဲ့ တရားများ ချုပ်သွားမယ်ဆိုရင်ဖြင့် ဒီခန္ဓာပျောက်ထိုက်၊ မပျောက်ထိုက်. . . (ပျောက်ထိုက်ပါတယ်ဘုရား)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် လိုချင်တုန်းကို ဒီခန္ဓာဘယ်တော့မှ မပျောက်ဘူး . . . (မှန်ပါ)။ မလိုချင်တဲ့ဉာဏ်ပေါ်လာရင်. . . (ပျောက်ပါတယ်ဘုရား)။ ပျောက်ရင် လောကနိရောဓံတိ ဘာသစ္စာတုံး . . . (နိရောဓသစ္စာပါဘုရား)။

တစ်ခါတည်း ဒီနေရာမှာ လာတွေ့တယ်. . . (မှန်ပါ)။ ဒကာ ဒကာမတွေ နိဗ္ဗာန်ဟာ ဝေးသလား၊ နီးသလား . . . (နီးပါတယ်ဘုရား)။ သူချုပ်တဲ့ နေရာမှာ လာတွေ့တယ် . . . (မှန်ပါ)။

ဥပမာ တစ်လက်မလောက်အတွင်းမှာ ချုပ်သွားတယ်၊ တစ်လက်မလောက်နေရာမှာ နိဗ္ဗာန်ပေါ်တာ. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဆိုတာသည် ကားလို့ဆိုရင် မရှာတတ်လို့ ခက်ကြတာကိုး. . . (မှန်ပါ)။ ဘယ်လိုမှတ်ကြမယ်. . . (မရှာတတ်လို့ပါဘုရား)။ ရှာတတ်ပြန် တော့လည်း၊ ဪ. . ဒီနားတင် ရှိနေပါလားလို့ ဘုရားက နိဗ္ဗာန သဿဝ သန္တိကေကွ. . . (မှန်ပါ)။ မဟောဘူးလား . . . (ဟောပါတယ်ဘုရား)။ သန္တိကော၊ သံယုတ်ပါဠိတော်ပဲ၊ နိဗ္ဗာနံ သဿဝ နိဗ္ဗာန်သည် ခရီးမဝေး အနီးလေး၌ရှိသည် ဟောတိ-ဖြစ်၏။

## ဘာ့ကြောင့်သံသရာရှည်ခဲ့ရတာတုံး

ဘုရားက အနီးလေးဟောထားပါရဲ့သားနဲ့ ကျုပ်တို့မှာ ရှိရာမရှာ၊ မရှိရာရှာမှု ကျုပ်တို့၏ လွဲချော်မှုကြောင့် သံသရာ ရှည်ခဲ့ရတယ်. . . (မှန်ပါ)။ စွဲချက်တင်နိုင်ကြပြီလား . . . (တင်နိုင်ပါတယ်ဘုရား)။

သံသရာရှည်ခဲ့ရတာ ဘာတုံး. . . ရှိရာကို. . . (မရှာပါ ဘုရား) မရှိရာကို. . . (ရှာပါတယ်ဘုရား)။ အဲ. . . ဒါကြောင့် ဒကာ ဒကာမတို့ သတိပေးရတယ်၊ မရှိရာ ရှာလို့ရှိရင်တော့ ကိုစောမောင် ဘယ်နည်းနဲ့မှ မတွေ့ပါဘူး. . . (မှန်ပါ)။

ရှိရာ ရှာလို့ရှိရင် တစ်နေ့နေ့တော့. . . (တွေ့ရမှာပါ ဘုရား)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။ ရှိရာ ရှာရင်တစ်နေ့နေ့မှာ . . . (တွေ့ရမှာပါဘုရား)။

အဲ. . . ခုတော့ဖြင့် ဒကာ ဒကာမတွေ နိဗ္ဗာန်ဟာ ဒီခန္ဓာအဆုံးမှာရှိတယ်၊ ဒီခန္ဓာက လေးတောင်ရှိလို့ရှိရင် ဒီလေးတောင်ပျောက်တဲ့နေရာ ရှိပါတယ်. . . (မှန်ပါ)။ သဘော ကျပြီလား. . . (ကျပါတယ်ဘုရား)။

နှစ်တောင်ရှိတဲ့ ပုဂ္ဂိုလ် နှစ်တောင်ပျောက်တဲ့နေရာ. . (ရှိပါတယ်ဘုရား)။ ဩော်. . . ဘာကြောင့်တုံးဆိုတော့ နှစ်တောင်က ဘာသစ္စာတုံး. . . (ဒုက္ခသစ္စာပါဘုရား)။

နှစ်တောင်ပျောက်သွားတော့ကို ဒုက္ခသစ္စာချုပ်မသွား ဘူးလား. . . (ချုပ်သွားပါတယ်ဘုရား)။ ချုပ်သွားတော့ နှစ်တောင်ပျောက်တဲ့နေရာ ဘာသစ္စာပေါ်ရမတုံး. . . (နိရောဓသစ္စာပါဘုရား)။

ဩော်. . . ဒီနေရာ ရှာတော့ ဒီနေရာတွေ့ ရှိတဲ့နေရာ ရှာတော့ တွေ့တယ် ကိုစောမောင်. . . (မှန်ပါ)။ မရှိတဲ့ နေရာ ရှာတော့. . . (မတွေ့ပါဘူးဘုရား)။

## ရှာမှုလွဲလို့

ဒါဖြင့် သံသရာရှည်ခဲ့ကြတဲ့ ဒကာ ဒကာမတွေသည် ကားလို့ဆိုလို့ရှိရင့်ဖြင့် ဘယ်အတွက်ကြောင့်ပါလိမ့်မတုံးလို့ ဆိုတော့ ရှာမှုလွဲလို့. . . (မှန်ပါ)။ ဘယ်လို ဆုံးဖြတ်ချက်ချမတုံး . . . (ရှာမှုလွဲလို့ပါဘုရား)။

ရှာမှုလွဲလို့ ဒကာ ဒကာမတွေ ဒါကောင်းကောင်း သဘောပါပြီလား. . . (ပါပါပြီဘုရား)။ နိဗ္ဗာန်မတွေ့ခဲ့ကြတာ . . . (ရှာမှုလွဲလို့ပါဘုရား)။

မရှိရာရှာ၊ ရှိရာမရှာ. . . ကောင်းကောင်းရှင်းကြပြီ လား. . . (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဒကာ ဒကာမတွေ တရားအားထုတ်တဲ့ ဒကာ ဒကာမတွေ အားလုံးပဲ၊ အိမ်မှာပဲ အားထုတ်တဲ့ ဒကာ ဒကာမဖြစ်ဖြစ် ဒီမှာလာပြီးကြိုးစားတဲ့ ဒကာ ဒကာမဖြစ်ဖြစ်၊ မင်းတို့ဉာဏ်ဘယ်မှ မလှည့်နဲ့နော် ခန္ဓာသာလှည့်ပါဆိုတာ ဘုန်းကြီးထပ်ပြန်တလဲလဲ ယောဂီအပေါင်းကို ဟောလေ့ရှိတယ် . . . (မှန်ပါ)။

ရှိရာကို . . . (ရှာရမှာပါဘုရား)။ ရှိရာ ရှာကြပါဆိုတာ ကော သဘောကြပြီလား. . . (သဘောပါတယ်ဘုရား)။

## နိဗ္ဗာန်ဘယ်နေရာမှာရှိသတုံး

ကောင်းပြီ. . ဒါဖြင့် နိဗ္ဗာန်ဘယ်နေရာရှိသတုံး. . . (ခန္ဓာအဆုံးမှာရှိပါတယ်ဘုရား)။ ခန္ဓာအဆုံးမှာရှိတယ်. . . (မှန်ပါ)။ ခန္ဓာရှိတုံးက သူမရှိဘူး. . (မှန်ပါ)။ ခန္ဓာချုပ်သွားရင်တော့. . . (ရှိပါတယ်ဘုရား)။

ကိုင်း. . . ဒါကြောင့် အားလုံးတရားနာတဲ့ ဒကာ ဒကာမတွေကော၊ တရားအားထုတ်တဲ့ ဒကာ ဒကာမ တွေကော ဒီနေရာမှာ အမည်းစက်၊ အမည်းစက်ဆိုတာ အဖြူပေါ်ကွက်တာ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။

ဒီနေရာမှာ အမည်းပျောက်လို့ရှိရင် အဖြူဘယ်နေရာက ပေါ်သတုံးလို့မေးရင် ဘယ်နှယ့်ဖြေမလဲ. . . (အမည်းပျောက်တဲ့နေရာမှာ အဖြူပေါ်ပါတယ်ဘုရား)။ ဒါပဲ ဖြေစရာရှိတယ်. . . (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

အမည်းစက်ရှိတယ်ဆိုကတည်းက ဒကာ ဒကာမတွေက စဉ်းစားတာပေါ့ အဖြူပေါ်ဖြင့် ကွက်နေတာပဲ. . . (မှန်ပါ)၊ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ဒီအမည်းစက်ပျောက်တဲ့ဆေးကို ကျုပ်တို့ အက်ဆစ်တို့ ဆော်ဒါတို့နဲ့ အမျိုးမျိုးအဖုံဖုံ ပွတ်သတ်ပစ်လိုက်မယ်ဆိုလို့ရှိရင်ဖြင့် အဖြူဘယ်နေရာက ပေါ်ပါ့မတုံး. . . (အမည်းပျောက်တဲ့နေရာက ပေါ်မှာပါဘုရား)။

ဒါပဲ ဒုက္ခပျောက်တဲ့နေရာမှာ နိရောဓပေါ်တာပဲ. . . (မှန်ပါ)။ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)၊ ဒုက္ခပျောက်တဲ့နေရာ. . . (နိရောဓပေါ်ပါတယ်ဘုရား)။

## ဒုက္ခမတွေ့လို့နိရောဓမတွေ့တာ

ဩော်. . . ဒါဖြင့် ဒို့က ဒုက္ခမတွေ့လို့ နိရောဓမတွေ့တာပေါ့. . . (မှန်ပါ)။ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ကြတော့ . . . (မှန်ပါ)။ ဘယ်လိုအပြစ်တင်ကြမတုံး. . (ဒုက္ခမတွေ့လို့ နိရောဓမတွေ့တာပါဘုရား)။

ဒုက္ခသာတွေ့လိုက်လို့ ဒုက္ခရွံ့လို့၊ ဒုက္ခမုန်းလို့၊ ဒုက္ခတွေ့ပြီး၊ ဒုက္ခရွံ့လို့ ဒုက္ခမုန်းခဲ့သည်ရှိသော် ဒကာ ဒကာမတို့သုခတော့ဖြင့် ဒီနေရာပဲပေါ်ရမယ်. . . (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ ဒကာမတို့ ကျုပ်တို့ ရှေးဦးစွာတော့ဖြင့် နိဗ္ဗာန်ကို ဘယ်သူမှ တွေ့ကြမှာတော့ မဟုတ်ဘူး. . (မှန်ပါ)။ ဘာကြောင့်တုံး. . . အမည်းဖုံးနေလို့. . . (မှန်ပါ)။

အမည်းဖုံးနေတာကို အဖြူတွေ့ချင်ပါတယ်ဆိုလို့တော့ဖြင့် မောင်နိုင်မရပေဘူး. . . (မှန်ပါ)။ ဆုံးဖြတ်ချက်မချနိုင်ဘူးလား. . . (ချနိုင်ပါတယ်ဘုရား)။

## ဒုက္ခမတွေ့ရင်နိဗ္ဗာန်မတွေ့

ဒီအမည်းကို ပျောက်တဲ့နည်းနဲ့ ပွတ်ရ၊ သတ်ရ၊ ချွတ်ရလို့ရှိရင်ဖြင့် တွေ့တော့မှာပဲ. . . (မှန်ပါ)။ ဒီနေ့ တစ်ထစ်ချမှတ်စရာတစ်လုံးက ဒုက္ခမတွေ့ရင် ဘယ်တော့မှ နိဗ္ဗာန်မတွေ့လို့ မှတ်လိုက်. . . (မှန်ပါ)။

ဒုက္ခမတွေ့ရင်. . . (နိရောဓမတွေ့ပါဘုရား)။ ဒါဖြင့် နိဗ္ဗာန်လိုချင်လို့ရှိရင် ရှေးဦးစွာ တစ်လံမျှလောက်သော ခန္ဓာကိုယ်ဒုက္ခတွေ့ဖို့အရေးဟာ တစ်နံပါတ်အရေး. . . (မှန်ပါ)။

နောက်မှ ဦးဘလေးတို့ နိဗ္ဗာန်တွေ့ဖို့ အရေးဟာ နှစ်နံပါတ်အရေး. . . (မှန်ပါ)။ ရှင်းကြပြီလား. . . (ရှင်းကြပါပြီဘုရား)။

ဒါဖြင့် ဒီနေ့ တရားနာရတဲ့ ဒကာ ဒကာမတွေ ဩဇာ-နိဗ္ဗာန်ဆိုတာ ဒို့အဝေးရှာရင် ရှာလေလွဲလေပဲ. . . (မှန်ပါ)။ အနီးပင်ရှာငြားသော်လည်း အနီးကို ဒုက္ခမဖြစ်သေးရင်လည်း၊ ဒုက္ခသစ္စာမဖြစ်သေးရင်လည်း နိဗ္ဗာန်တွေ့လိမ့်မည်မဟုတ်သေး . . . (မှန်ပါ)။ ပေါ်ကြပြီလား. . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးတို့ဆီမှာ စကြံန်ကျောင်းပေါ်မှာ အားထုတ်တယ်၊ ဟိုကမ္မဋ္ဌာန်းကျောင်းမှာ အားထုတ်တယ်၊ ဒီဘက်ဇရပ်တွေမှာ အားထုတ်ကြတယ်။

## ဘယ်နေရာမှာ ဒုက္ခချုပ်သွားပါလိမ့်

ဒကာ ဒကာမတို့ ဒုက္ခချုပ်သွားတဲ့အခါကျလို့ရှိရင်ဖြင့် ဘယ်နေရာများ ချုပ်သွားပါလိမ့်မတုံး၊ ထိုင်ရင်းချုပ်သွားတာပဲ ဘုရားဆိုရင် ထိုင်တဲ့နေရာ ဒုက္ခအဆုံးတွေ့တာပဲ. . . (မှန်ပါ)။ ဘယ်နေရာမှ တွေ့စရာမလိုတော့ဘူး. . . (မှန်ပါ)။

ထိုင်တဲ့နေရာတွေ့ရမှာ. . . (မှန်ပါ)။ ထိုင်တာက ဒုက္ခသစ္စာကြီးထိုင်နေတာ. . . (မှန်ပါ)။ ဒုက္ခသစ္စာကြီး ချုပ်သွားပါတယ်ဆိုတော့ ဒီထိုင်ရုပ်ကြီး ပျောက်ပြီးသကာလ ဒုက္ခချုပ်တာ မြင်တဲ့ဉာဏ်ကလေး ကျန်နေသေးတယ်. . . (မှန်ပါ)။

တခြားသွားပြီး နိဗ္ဗာန်တွေ့တာလား၊ ကိုယ့်ဇရပ်နဲ့ ကိုယ်နေတဲ့နေရာမှာ လာတွေ့တာလား. . . (ကိုယ့်ဇရပ်နဲ့ ကိုယ်နေတဲ့နေရာမှာတွေ့တာပါဘုရား)။ ထိုင်တော့ နှစ်တောင် ရှိတယ်၊ အဲဒီ နှစ်တောင်မှာပဲ နိဗ္ဗာန်လာတွေ့တယ်. . . (မှန်ပါ)။

ရပ်ကြည့်တော့ လေးတောင်ရှိတယ်၊ လေးတောင် အဆုံးမှာ . . . (နိဗ္ဗာန်တွေ့ပါတယ်ဘုရား)။ နိဗ္ဗာန်လာတွေ့ တယ်ဆိုတော့ ဩော်. . . ဩော်. . . ရှာတတ်ရင်လည်း အလွယ်လေးပါလားဆိုနိုင်ကြပြီလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

## အရှာမတည့်လို့ဖြစ်လိမ့်မယ်

ဒါဖြင့် တပည့်တော်တို့ဖြင့် ဘုရားရှာလာတာလည်း ကြာပေါ့ တွေ့ကိုမတွေ့သေးပါဘူး၊ ဟာ. . ဒါဖြင့် အရှာမတည့် လို့ဖြစ်ပါလိမ့်မယ်. . . (မှန်ပါ)။

ဘယ်လို ဆုံးဖြတ်ချက်ချပေးရမတုံး. . . (အရှာမတည့် လို့ပါဘုရား)။ အရှာမတည့်လို့ဖြစ်ပါလိမ့်မယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေ စွဲချက်တင်လိုက်ရမယ်. . . (မှန်ပါ)။

ရှိတဲ့နေရာမရှာမိ၊ မရှိတဲ့နေရာ ရှာမိတော့ ကိုယ်ကျိုးနည်းနေတာပေါ့. . . (မှန်ပါ)။ ဆိုထိုက် မဆိုထိုက်. . . (ဆိုထိုက်ပါတယ်ဘုရား)။

ကဲ. . . ဒါဖြင့် ရှိတဲ့နေရာ ယနေ့ဖြင့် ရှင်းရှင်းလင်းလင်းပဲ သိပါပြီ. . . (မှန်ပါ)။ မသိသေးဘူးလား. . . (သိပါပြီ ဘုရား)။ သိတော့ ဒီကနေပြီးသကာလ ဒကာ ဒကာမတွေက ဒီခန္ဓာငါးပါးထဲက မနေ့က ဝေဒနာဟောလိုက်တယ်နော် . . . (မှန်ပါ)။

## ယနေ့စိတ်ကိုဟောမယ်

ယနေ့တော့ဖြင့် စိတ်ကို ဟောလိမ့်မယ်လို့ မှတ်လိုက်ပါ . . . (မှန်ပါ)။ ခန္ဓာငါးပါးထဲက ကိုစောမောင် ယနေ့ဘာဟောမှာတုံး. . . (စိတ်ကိုဟောမှာပါဘုရား)။

အို. . . စိတ်ဟောလို့ အရှင်ဘုရား တပည့်တော်တို့ ကွက်ရှုရမယ်ဆိုလို့သာ ကွက်ရှုတာ ဖြစ်စဉ်က ငါးပါးထဲကနော်လို့ စောစောကတည်းက ခင်ဗျားတို့က သတိထားလိုက်. . . (မှန်ပါ)။ ခွဲလို့ကို မရဘူး. . . (မှန်ပါ)။

ရှုတော့သာ ကျုပ်တို့က တစ်ပါးတည်း ရှုခိုင်းတာ၊ ခွဲလို့က. . . (မရပါဘူးဘုရား)။ ဩော်. . . ဒါဖြင့် ဒီစိတ်ကို အဆုံးများလိုက်လိုက်ရလို့ရှိရင် ဒီရုပ်ကြီးက တင်းတင်းကြီး ကျန်နေဦး

မှာလား. . . (မကျန်ပါဘူးဘုရား)။ ဝေဒနာကကော . . . (မကျန်ပါဘူးဘုရား)။

သညာကကော. . . (မကျန်ပါဘူးဘုရား)။ ဘာကြောင့် တုံးလို့မေးတဲ့အခါကျတော့ ဒကာ ဒကာမတို့ ဖြစ်ပေါ် ဖြစ်ဖက်သင်္ခါရတာပစ္စယော. . . (မှန်ပါ)။ အတူတကွ ဖြစ်ပေါ် ဖြစ်ဖက်ပေါ့. . . (မှန်ပါ)။ သဘောကျပြီလား . . . (ကျပါပြီ ဘုရား)။

အဲဒီတော့ တစ်ခုဆုံးရင် ဘယ်နှယ့်ဆိုကြပ့ါ . . . (အကုန်ဆုံးပါတယ်ဘုရား)။ အကုန်ဆုံးသွားတော့၊ ငါးပါးဆုံး သွားတော့ ငါးပါးက ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား)။

ငါးပါးဆုံးသွားတော့ . . . (နိရောဓသစ္စာပါဘုရား)။ ဪ. . . ဒီနားတွင်၊ ဒီနားပေါ်ပြီ ဒကာ ဒကာမတို့ နိဗ္ဗာန်တင် မပေါ်သေးဘူးလား. . . (ပေါ်ပါပြီဘုရား)။

## ခန္ဓာငါးပါးအဆုံးမှာနိဗ္ဗာန်ရှိတယ်

နိဗ္ဗာန် ဒီငါးပါးအဆုံးမှာရှိတယ်. . . (မှန်ပါ)။ ကိုစောမောင်. . . (နိဗ္ဗာန်ဒီငါးပါးအဆုံးမှာ ရှိပါတယ်ဘုရား)။ ကိုစံလှရေ. . . (ငါးပါးအဆုံးမှာ ရှိပါတယ်ဘုရား)။

ဒါဖြင့် ကျုပ်တို့မှာ ဒီငါးပါးနဲ့ နေတဲ့ပုဂ္ဂိုလ်၊ ဒီငါးပါး အဆုံးမလိုက်တတ်၍သော်လည်းကောင်း၊ ငါးပါးကို ဉာဏ်

မလိုက်၍သော်လည်းကောင်း နိဗ္ဗာန်နဲ့ ဝေးကြရတယ်. . . (မှန်ပါ)။

## တရားထူးနာရလို့ဝမ်းမြောက်ကြစမ်းပါ

ကိုပေါ်ရေ နေရာကျပြီလား. . . (ကျပါတယ်ဘုရား) ယနေ့တရားထူး၊ တရားမြတ်နာရတဲ့ ဒကာ ဒကာမတွေ အလွန်ဝမ်းမြောက်စရာကောင်းတယ်. . . (မှန်ပါ)။

အလွန်ဝမ်းမြောက်ကြစမ်းပါလို့ ဘုန်းကြီးတို့ ဟောရတဲ့ ပုဂ္ဂိုလ်မှာလည်း အင်မတန်မှ ဝမ်းသာပါတယ်၊ ချီးမြှောက်ထောက်ပံ့ပြီးသကာလ မေတ္တာရှေ့ထားပြီး သကာလ ကရုဏာနဲ့ ပြောနေရတော့ ခင်ဗျားတို့လည်း အင်မတန်ဝမ်းမြောက်ကြစမ်းပါ။

ဩော်. . . ငါးပါးထဲက တစ်ပါးရှု၊ တစ်ပါးရှုတော့လည်း ဖြစ်ပေါ်ဖြစ်ဖက်မို့ တစ်ပါးပျက်တော့လည်း အကုန်ပျက်. . . (မှန်ပါ)။ တစ်ပါးဆုံးသွားလို့ရှိရင်. . . (အကုန်ဆုံးပါတယ်ဘုရား)။

အကုန်ဆုံးတော့ ဒီခန္ဓာဆုံးသွားတဲ့နေရာမှပဲ ခန္ဓာမရှိတာပေါ်ရမယ်. . . (မှန်ပါ)။ ခန္ဓာရှိတာ ဒုက္ခသစ္စာ၊ ခန္ဓာမရှိတာ. . . (နိရောဓသစ္စာပါဘုရား)။

ဒီနေရာပေါ်မှ၊ ဒိပြင်နေရာပေါ်စရာကိုမရှိဘူး. . . (မှန်ပါ)။ ရှင်းရှင်းလင်းလင်းပဲပြောနေပါတယ် ဒကာ ဒကာမတို့၊ ကောင်းကောင်းကော သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

## တစ်သံသရာမှတစ်ခါကြားရတာ

အင်မတန် ကရုစိုက်ကြစမ်းပါ၊ တစ်သက်မှ တစ်ခါဆိုသလို၊ တစ်သံသရာမှ တစ်ခါဆိုသလို ကိုစောမောင် ဒီလိုနက်နက်နဲနဲကို ကြားရတာနော်. . . (မှန်ပါ)။ လွယ်ကူကြရဲ့လား. . . (မလွယ်ကူပါဘူးဘုရား)။

ဒါဖြင့် တပည့်တော်တို့က ဒီနိဗ္ဗာန်ကို ဒီခန္ဓာဆုံးသွားတဲ့ နိဗ္ဗာန်ကို တပည့်တော်တို့က ဆုံးသွားတဲ့အခါကျတော့ တပည့်တော်တို့ ဘာနဲ့မြင်သတုံးလို့မေးဖို့မလိုဘူးလား. . . (လိုပါတယ်ဘုရား)။

အို. . . ဒုက္ခမြင်တုံးကလည်း ဉာဏ်နဲ့မြင်တာပဲ. . . (မှန်ပါ)။ ဒုက္ခဆုံးသွားတော့ကော. . . (ဉာဏ်နဲ့မြင်မှာပါဘုရား)။ ဩော်. . . ဒီဉာဏ်သည် ဒုက္ခမြင်တာလည်း မဂ်ဉာဏ်၊ ဒုက္ခအဆုံးမြင်တာလည်း. . . (မဂ်ဉာဏ်ပါဘုရား)။

ဩော်. . . မဂ်ဉာဏ်ရအောင်လုပ်၊ မဂ်ဉာဏ်ရအောင်လုပ်၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ဘာလုပ်ရမယ်. . . (မဂ်ဉာဏ်ရအောင်လုပ်ရမှာပါဘုရား)။ မဂ်ဉာဏ်ရအောင်လုပ်လိုက်လို့ရှိရင်ဖြင့် ဒုက္ခလည်း သူတွေ့မယ်. . . (မှန်ပါ)၊ ဒုက္ခအဆုံးကော. . . (တွေ့မှာပါဘုရား)။

ဒီမဂ်ဉာဏ်သည် နည်းတဲ့သတ္တိမဟုတ်ဘူးနော်. . . (မှန်ပါ)၊ ဟောဒီနောက်က လာလတ္တံ့တွေလည်း လာခွင့်ပေးသေးရဲ့လား. . . (မပေးပါဘူးဘုရား)။

ဒါဖြင့် သမုဒယချုပ်အောင်လုပ်တာလည်း ဘယ်သူတုံး. . . (မဂ်ပါဘုရား)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)၊ သူကိုယ်တိုင် ရှစ်ပါးပြည့်အောင်လုပ်တာလည်း သူပဲ. . . (မှန်ပါ)။

သူကိုယ်တိုင်လည်း နဂိုက ငါးပါးကို ရှစ်ပါးပြည့်အောင်လုပ်တယ်. . . (မှန်ပါ)၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

## ဖြစ်ပျက်ကမဆုံးနိုင်တာ ဘာကြောင့်ပါလဲ

ငါးပါးက ရှစ်ပါးဖြစ်လာတာလည်း မဂ်ပဲ. . . (မှန်ပါ)၊ ဒါဖြင့် ဒကာ ဒကာမတို့ တပည့်တော်တို့ ရှုနေတာလည်း ကြာလှပါပြီဘုရား။ ဖြစ်ပျက်က ဆုံးကိုမသုံးနိုင်ဘူး။ ဆုံးကို မဆုံးနိုင်ဘူးဆိုတာသည်ကား ဒုက္ခအပေါ်မှာ ဒကာ ဒကာမတို့ ဆုံးဖြတ်ချက်အချနည်းနေလို့လို့ မှတ်လိုက်. . . (မှန်ပါ)။

ဘယ်လိုမှတ်ရမယ်. . . (ဒုက္ခအပေါ်မှာ ဆုံးဖြတ်ချက် အချနည်းနေသေးလို့ပါဘုရား)၊ ကိုယ့်မှာ ဒုက္ခအစစ်ကိုပဲ ဆုံးဖြတ်ချက်ချတဲ့ဉာဏ်က ပိုင်ပိုင်နိုင်နိုင် မရသေးလို့ မဆုံးသေးတာ . . . (မှန်ပါ)။

ဒုက္ခအစစ်၊ ဘာမှမရောတဲ့ဒုက္ခ၊ ဖြစ်တာလည်း ဒုက္ခပဲ၊ ပျက်တာလည်း ဒုက္ခပဲ၊ ဒီကြားထဲမှာ သုခဆိုတာ နည်းနည်းမှ ချမ်းသာလုံးကလေး ကြားမညှပ်ပါဘူးလို့ ဉာဏ်နဲ့သာရှင်းသွားလို့ရှိရင် မဂ္ဂင်ရှစ်ပါးဖြစ်သွားတယ်. . . (မှန်ပါ)၊ ဖြစ်သည်နှင့် တစ်ပြိုင်နက်တည်း ဆုံးတာပဲ. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

အဲဒီတော့ ဘာမှအားမလျော့ကြနဲ့ ဒုက္ခတွေ့ကတည်းကိုက ဒုက္ခအဆုံးဟာ တွေ့တော့မယ်ဆိုတာ ဖြစ်ပျက်ဟာ ဒုက္ခသစ္စာ. . . (မှန်ပါ)၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ဒီခန္ဓာထဲ စိတ်ကြည့်လိုက်ပြန်တော့ ဘာတွေ့သတုံး. . (ဖြစ်ပျက်တွေ့ပါတယ်ဘုရား)၊ ဝေဒနာကြည့်လိုက်ပြန်ရင်ကော . . . (ဖြစ်ပျက်တွေ့ပါတယ်ဘုရား)။

## ကြိုက်တာရှု တွေ့တာက ဒုက္ခသစ္စာပဲ

ကြိုက်တာရှု၊ ခင်ဗျားတို့ တွေ့တာက ဒုက္ခသစ္စာပဲ. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)၊ တွေ့တာကတော့ဖြင့် . . . (ဒုက္ခသစ္စာပါဘုရား)။

ဒုက္ခသစ္စာပဲဆိုသဖြင့် ဒီဒုက္ခသစ္စာကို ခင်ဗျားတို့ တွယ်တာနေသေးရင် ဘယ်တော့မှမဆုံးဘူး. . . (မှန်ပါ)။ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ကိုင်း. . . မင်း ဒုက္ခသစ္စာမှန်းလည်း သိပေါ့ကွာ၊ ငါဖြင့်ဆရာသမားကောင်းဆီက နည်းရတာတစ်ကြောင်း၊ ကိုယ်ပိုင်ဉာဏ်နဲ့လည်း မင်းမလိုချင်စရာ အစစ်မှန်းလည်း သိပါရောဆိုရင် ဖျတ်ဆို ချုပ်သွားတယ်. . .(မှန်ပါ)။

ကိုစောမောင် မချုပ်ပါနဲ့ဆိုလို့. . . (မရပါဘူးဘုရား)။ အဲဒီတာ့ ဒုက္ခချုပ်တဲ့နေရာမယ် ခုနက အမည်းကွက်ပျောက်ပြီး အဖြူကွက်ပေါ်တယ်. . . (မှန်ပါ)၊ အဖြူကွက်ပေါ်လာတော့ အဖြူကွက်က နိဗ္ဗာန် . . . (မှန်ပါ) အမည်းကွက်က ဒုက္ခသစ္စာ. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အမည်းကွက်က ဒုက္ခ၊ အဖြူကွက်က နိရောဓ. . . (မှန်ပါ)။ အမည်းကွက်က. . . (ဒုက္ခပါဘုရား)၊ အဖြူကွက်က . . . (နိရောဓပါဘုရား)။

## စန္ဒာနဲ့ဉာဏ်နဲ့မခွဲနဲ့

အဲဒီတော့ ဒကာ ဒကာမတော့ ဝေးလို့မရောက်တာလား၊ အရှာလွဲလို့မရောက်တာလား. . . (အရှာလွဲလို့ မရောက်တာပါဘုရား)။ ဩော်. . . ဒါဖြင့် ယနေ့ည ဒကာ ဒကာမတွေ

သည်ကားဆိုရင်ဖြင့် ဩော်. . . အရှာလွဲလို့ကိုး၊ ဘုန်းကြီးထပ်ပြန်တလဲလဲ သတိပေးတာ ခန္ဓာနဲ့ ဉာဏ်နဲ့မခွဲနဲ့၊ ခန္ဓာနဲ့ ဉာဏ်နဲ့မခွဲနဲ့ဆိုတဲ့စကားဟာ တယ်အဖိုးတန်ပါလားဆိုတာ ပေါ်လာတယ်. . . (ပေါ်လာပါတယ်ဘုရား)။

ခန္ဓာနဲ့ ဉာဏ်နဲ့မခွဲနဲ့ဆိုတော့ ခန္ဓာက ဘာသစ္စာ. . . (ဒုက္ခသစ္စာပါဘုရား)၊ ဉာဏ်က. . . (မဂ္ဂသစ္စာပါဘုရား)၊ ဟာ. . ဒုက္ခနဲ့ မဂ္ဂနဲ့ မခွဲနဲ့. . . (မှန်ပါ)။

## ဒုက္ခနဲ့မဂ္ဂနဲ့မခွဲနဲ့

ဒကာ ဒကာမတွေ ဘာမှာပါလိမ့်. . . (ဒုက္ခနဲ့မဂ္ဂ မခွဲရပါဘုရား)။ ဒုက္ခနဲ့မဂ္ဂနဲ့ဖြင့် ဒကာ ဒကာမတို့ မခွဲလိုက်ပါနဲ့ မဟောသင့်ဘူးလား. . . (ဟောသင့်ပါတယ်ဘုရား)။

သူ ရှေ့ဦးစွာတွေ့ရမှာကလည်း မြို့ထဲဝင်ချင်ပါတယ်ဆိုမှ တံခါးကမှ် မဝင်လို့ရှိရင်လည်း၊ ရွှေလူကြီးတွေမှာ မောင်နိုင်နန်းတော်ရောက်နိုင်ပါ့မလား. . . (မရောက်နိုင်ပါဘုရား)။

## တံခါးပေါက်တွေ့မှ နန်းတော်တွေ့မှာ

ဒါဖြင့် တံခါးပေါက်မတွေ့တဲ့ ပုဂ္ဂိုလ်ဟာ နန်းတော်နဲ့တွေ့ဖို့ရာ ဘယ့်နှယ်နေတုံး. . . (မတွေ့နိုင်ပါဘုရား)။

အဲ. . . ဒုက္ခသစ္စာက တံခါးနဲ့တူတယ်၊ နိရောဓသစ္စာက နန်းတော်နဲ့တူတယ်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)၊ ဒုက္ခသစ္စာက. . . (တံခါးနဲ့တူပါတယ်ဘုရား)၊ နိရောဓသစ္စာက. . . (နန်းတော်နဲ့တူပါတယ်ဘုရား)။

အဲ. . . ဒီတံခါးက သွားမှ ရောက်မှာ၊ တံခါးတောင်မှ မတွေ့သေးတဲ့ပုဂ္ဂိုလ်ဖြင့် နန်းတော်နဲ့တူတဲ့ နိဗ္ဗာန်ဖြင့် ငိုနေ မတွေ့ပါဘူး. . . (မှန်ပါ)၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ ဒီနေ့တရားမှာ ရှာနည်းဖွေနည်းကိုဖြင့် သေချာအောင် ဆရာဘုန်းကြီးဟောနေတယ်ဆိုတာဖြင့် ဘာမှ ငြင်းဖို့မလိုဘူး. . . (မှန်ပါ)။

ဒါ ဘုန်းကြီးက ဟောတာလည်း ဟောတယ်ပဲလို့ ယူကြပါ။ စတုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်မှာလည်း ခန္ဓာထဲမှာရှာပါ။ တစ်လံမျှလောက်သော ခန္ဓာထဲမှာ ရှာပါ။ ငါ မြက်ပင် ဟောတာမဟုတ်ဘူးတဲ့၊ သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

တုံးကိုင်ပြီး နိဗ္ဗာန်ရှိတယ်ဟောတာမဟုတ်ဘူးတဲ့၊ မင်းတို့ တစ်လံမျှလောက်သော ခန္ဓာကိုယ်ထဲမှာရှိတယ်လို့ ငါဟောတာ မင်းတို့က အလွဲတော့မရှာနဲ့. . . (မှန်ပါ)၊ သေသေချာချာ ဟောတယ်၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

တုံးကိုင်၊ မြက်သစ်ပင်အပေါ်၌ နိဗ္ဗာန်ရှိတယ်လို့ ငါ မဟောဘူးတဲ့၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

မင်းတို့ တစ်လံမျှလောက်သော ခန္ဓာကိုယ်မှာ. . . (နိဗ္ဗာန်ရှိပါတယ်ဘုရား)၊ ရှိတော့ ဒကာ ဒကာမတွေက အကဲခတ်ကြည့်တော့ ဒုက္ခက ဒုက္ခချုပ်တာ၊ ချုပ်တာက. . . (နိရောဓသစ္စာပါဘုရား)။

ဒါဖြင့် ဒီတစ်လံမျှလောက်ကလည်း ဒုက္ခသစ္စာ၊ ဒီတစ်လံမျှလောက်ချုပ်သွားတာကလည်း . . . (နိရောဓသစ္စာပါဘုရား)၊ ဒါဖြင့် ဒီရှေ့ရှိတယ်လို့ ဟောရမယ်. . . (မှန်ပါ)၊ ဒို့ပြင် ဟောစရာရှိပါရဲ့လား. . . (မရှိပါဘူးဘုရား)။

## ဘာမှအားမငယ်ပါနဲ့

အဲ့ဒါကြောင့် ဒကာ ဒကာမတို့ ဘာမှအားမငယ်ပါနဲ့ ဆိုတာကိုလည်း လေးလေးစားစားနဲ့ပဲ သတိပေးရတယ်. . . (မှန်ပါ)၊ မရှိရာရှာနေမှာ တစ်ခုကိုဖြင့် အတော်စိုးရိမ်တယ်. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ရှိရာရှာမိလို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ ဘာမှမပူပါနဲ့တော့ . . . (မှန်ပါ)၊ ကိုင်း. . . နိဗ္ဗာန်ရှိတဲ့နေရာကလည်း သိပါပြီ၊ ကိုယ့်အတောင်နဲ့ကို ဘယ်လောက်ရှိသတုံး. . . (လေးတောင်ပါဘုရား)။

အဲဒီအထဲသာရှာ၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)၊ တခြားကိုရှာရင် ရှာလေလွဲလေဖြစ်လိမ့်မယ်. . . (မှန်ပါ)၊ သဘောကျပြီလား. . . (မှန်ပါ)။

## ဘယ်နေရာမှာ ဝိပဿနာရှုရမှာတုံး

တခြားကိုရှာရင်ဖြင့်. . . (ရှာလေလွဲလေပါဘုရား)၊ အဲဒီတော့ ဒကာ ဒကာမတို့ ဘယ်နေရာ တပည့်တော် ဝိပဿနာ ရှုရမှာတုံးဘုရား. . . ဟောဒီ တစ်လံမျှ ကိုယ့်အလံနဲ့ ကိုယ်တိုင်းကြည့် တလံမျှ ခန္ဓာကိုယ်ထဲ ရှုဆိုတော့ လမ်းသွားလည်း သူပါဦးမှာပဲ. . . (မှန်ပါ)။

ထိုင်နေရင်ကော. . . (ပါပါတယ်ဘုရား)၊ ကုဋီသွားရင်ကော. . . (ပါပါတယ်ဘုရား)၊ ထမင်းစားရင်ကော. . . (ပါပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒါကြောင့် ဘုရားက **ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ** လုပ်ရင်လည်းရတယ်ကွ၊ သူပါနေလို့ဟောတာ. . . (မှန်ပါ)။

**ဌိတောဝါဌိတောမှိတိ ပဇာနာတ** ရပ်နေတဲ့အထဲလည်း သူပါနေတယ်ကွ. . . (မှန်ပါ)။ ဆိုတော့ ရပ်တာကိုလည်း မင်းတို့ ရှုရင် နိဗ္ဗာန်ရတယ်. . . (မှန်ပါ)၊ မဟောသင့်ဘူးလား. . . (ဟောသင့်ပါတယ်ဘုရား)။

ကိုစောမောင်. . (ဟောသင့်ပါတယ်ဘုရား)၊ သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီဟောတိ သတိပဋ္ဌာန်က ကွေးတဲ့ ဆန့်တဲ့အထဲမှာလည်း သူပါနေတယ် ရတယ်တဲ့. . . (မှန်ပါ)။ မရပေဘူးလား. . . (ရပါတယ်ဘုရား)။

## ခန္ဓာမလွတ်စေနဲ့ ဉာဏ်နဲ့သာလျှောက်တွေးနေ

ရုတ်စွအဆုံး ငါပြောမယ်ကွာတဲ့ ဥစ္စာရပသဿာဝ ကမ္မေသမ္ဘဇာနကာရီဟောတိ တစ်ခါတည်း မင်းတို့ ကျင်ကြီးကျင်ငယ်စွန့်တဲ့နေရာတောင် ခန္ဓာမလွတ်စေနဲ့ ခန္ဓာထဲ ဉာဏ်နဲ့သာလျှောက်တွေးနေ အဲဒီနေရာ နိဗ္ဗာန်ရှိတယ်. . . (မှန်ပါ)။

နေရာရွေးသေးသလား. . . (မရွေးပါဘူးဘုရား)၊ မရွေးတော့ ဩော်. . . ဒါကြောင့်လည်း ဟောပေတာပဲဆိုတဲ့ အဟောဟာ ကိုစောမောင် ရှင်းရှင်းကြီးပေါ်လာပါတယ်. . . (ပေါ်ပါတယ်ဘုရား)၊ မပေါ်လာဘူးလား. . . (ပေါ်လာပါတယ်ဘုရား)။

ကိုပေါ်ရေ ဒီနေ့တရားမှာ အင်မတန်အဖိုးတန်တယ်ဆိုတာကော သိပြီလား. . . (သိပါပြီဘုရား)။

## ဘယ်အချိန်ရှာရမှာတုံး

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ရှာလို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ ဘယ်မှမရှာနဲ့ ခန္ဓာထဲမှာရှာဆိုတော့၊ ဘယ်အချိန်ရှာရမတုံးအို. . . ဘယ်အချိန်ရယ်လို့ ဘုန်းကြီးမဆိုလို. . . (မှန်ပါ)၊ ခန္ဓာရှိတဲ့အချိန်ရှာရင် ပြီးတာပါပဲ. . . (မှန်ပါ)၊ ဆိုတော့မပြီးဘူးလား. . . (ပြီးပါတယ်ဘုရား)။

အဲဒါကြောင့် ဘာမှလည်း အားငယ်စရာအကြောင်းလည်းမရှိတာသေချာပြီးသကာလနေသောကြောင့် နို့ တပည့်

တော်တို့ ယခု နိဗ္ဗာန်ရောက်နိုင်ပါ့မလားလို့ ခင်ဗျားတို့က မေးချင်ရင်လည်း မေးလိမ့်မယ်. . . (မှန်ပါ့)။

ရှာတော့ အပည့်တော့ရှာတတ်ပါတယ်၊ အို. . . နိဗ္ဗာန်ဆိုတာ ဒကာ ဒကာမတို့ ဘယ်အချိန်မဆို ရတယ်လို့ မှတ်ပါ. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

နိဗ္ဗာန်ဆိုတာ. . . (ဘယ်အချိန်မဆိုရပါတယ်ဘုရာ)၊ သစ္စာလေးပါးမှာတစ်ပါးတွေ့ရင် အကုန်တွေ့တာပဲ. . . (မှန်ပါ)။

ဒါဖြင့် ဒုက္ခသစ္စာသာ တွေ့လို့ရှိရင် ဒုက္ခသစ္စာနဲ့စပ်နေတဲ့ ဒုက္ခသစ္စာဆုံးတဲ့ နိဗ္ဗာန်ဟာ မောင်နိုင် မတွေ့ချင်ပါဘူးဆိုလို့. . . (မရပါဘူးဘုရား)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)။

## ဒုက္ခသစ္စာတွေ့တဲ့ပုဂ္ဂိုလ်ရထိုက်တယ်

ဒါဖြင့် တပည့်တော်တို့ ယခုအချိန်မှ ရမှရထိုက်ပါ့မလားဆိုတာ ဒီသံသယ မလာနဲ့. . . (မှန်ပါ)၊ ဒုက္ခသစ္စာတွေ့တဲ့ပုဂ္ဂိုလ်ရထိုက်တယ်. . . (မှန်ပါ)၊ ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

ပါဠိတော်အကိုးအကားနဲ့ လိုချင်လို့ရှိရင်ဖြင့် သုဘဒ်ရဟန်းကြီး မေးတာသာ ထောက်ကြည့်တော့. . . (မှန်ပါ)၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

သုဘဒ်ရဟန်းကြီးမေးတာကြည့်ပါလား၊ ဘုရားသခင်ကိုယ်တော်မြတ်ကြီး အင်ကြင်းပင်ပျိုအကြားမယ်၊ ပရိနိဗ္ဗာန်

စံခါနီး သုဘဒ်မလာလို့ ဘုရားက ဝိညာဉ်မချုပ်သေး. . . (မှန်ပါ)၊ သုဘဒ်လာတဲ့အခါကျတော့ သူမေးတာပဲ။

အရှင်ဘုရား၊ အရှင်ဘုရားမရှိတဲ့အခါ ရဟန္တာတွေ၊ သောတာပန်၊ သကဒါဂါမ်တွေ ကွယ်တော့မှာလား၊ ဟ သုဘဒ် မမေးနဲ့ကွ၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

## ဘာမှမပူနဲ့ ရဟန္တာမဆိတ်ဘူး

ဒုက္ခသစ္စာ မှန်အောင်ဟောနိုင်တဲ့ဆရာနဲ့ ဒုက္ခသစ္စာ မင်းတို့က ဉာဏ်နဲ့တည့်လို့ရှိရင်ဖြင့် ဘယ်အခါမဆို သောတာပန် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာရှိတာချည့်ပဲ. . . (မှန်ပါ)၊ မင်း ဘာမှမပူရစ်နဲ့. . . (မှန်ပါ)၊ မဟောဘူးလား. . . (ဟောပါတယ် ဘုရား)။

ဘယ်အချိန်မဆိုရှိတယ်. . . (မှန်ပါ)၊ မဟောဘူးလား (ဟောပါတယ်ဘုရား)၊ အဲဒါကြောင့် "**ဣမေစ သုဘဒ္ဒ ဘိက္ခူ သမ္မာ ဝိဟရေယျုံ အသုညော လောကော အရဟန္တေဟိ အဿ**"

သုဘဒ္ဒ - သုဘဒ်၊ ဣမေ - ဤယခုနေကြတဲ့ပုဂ္ဂိုလ်တွေ သည်၊ သမ္မာ - ကောင်းစွာ (ဝါ) မဂ်ဉာဏ်နဲ့ ကောင်းစွာဒုက္ခသစ္စာ ကို မြင်ခဲ့သည်ရှိသော်၊ အရဟန္တေဟိ - ရဟန္တာပုဂ္ဂိုလ်တို့မှ၊ အသုညော - ဘယ်အခါမှမဆိတ်ဘူး၊ အဿဖြစ်ရာ၏။

ဘယ်တော့မှ ရဟန္တာမဆိတ်ဘူးလို့ မှတ်ကွာ. . . (မှန်ပါ)၊ ဒုက္ခသစ္စာတွေ့နေတဲ့ပုဂ္ဂိုလ် ဘယ်တော့မှ မင်းတို့သည် ကားလို့ဆိုရင် သောတာပန်မဆိတ်၊ သကဒါဂါမ်မဆိတ်၊ အနာဂါမ်မဆိတ်၊ ရဟန္တာမဆိတ်လို့ မင်းတစ်ထစ်ချမှတ်ထား. . . (မှန်ပါ)၊ မဟောပေဘူးလား. . . (ဟောပါတယ်ဘုရား)။

## သီရိမ္မွာသောကမင်းလက်ထက်

ကဲ. . . ဟောတော့ ဟောခဲ့ပါတယ်။ အစစ်ကလေး ပြစမ်းပါဦးဆိုတော့ ဓမ္မာသောကလက်ထက်တွင် ကိုစောမောင် ထောက်ကြည့်လိုက်. . . (မှန်ပါ)။

ဘုရားရှိသေးလား၊ မရှိတော့ဘူးလား. . . (မရှိတော့ပါဘုရား)၊ ကိုင်း. . . ရဟန္တာတွေ ရှင်မဟိန္ဒ ဆိုတာတွေ မကြားဖူးဘူးလား. . . (ကြားဖူးပါတယ်ဘုရား)။ အဲ သူ့နောက်က လိုက်တဲ့ ငါးရာ၊ သိန်းသန်းတွေကော. . . (ကြားဖူးပါတယ်ဘုရား)။

နောက် သီရိလင်္ကာကျွန်းမှာ ကြက်ပျံမကျအောင် ကောင်းကင်ပျံမြေလျှိုးတွေဆိုတော့ ဘုရားရှိသေးရဲ့လား. . . (မရှိတော့ပါဘုရား)၊ ကဲ. . . သူပြောခဲ့တဲ့စကား ဘယ်နှယ်နေသတုံး. . . (မှန်ပါတယ်ဘုရား)၊ မမှန်ဘူးလား. . . (မှန်ပါတယ်ဘုရား)။

အဲဒီတုန်းက သီရိလင်္ကာကျွန်းတို့လို၊ အိန္ဒိယတို့လိုကျ တော့ ဒကာ ဒကာမတို့ ဓမ္မသောက လက်ထက်ကျလာတော့ နှစ်ပေါင်းကို အတော်ကြာသွားပြီ. . . (မှန်ပါ)၊ နောက်မွေးတဲ့ ပုဂ္ဂိုလ်တွေ ဘုရားအသံ၊ တရားအသံဆိုတာ မကြားလိုက်ရပါ ဘူး. . . (မှန်ပါ)။

ဘုရားကိုယ်တိုင် တွေ့လိုက်ရရဲ့လား. . . (မတွေ့ရပါ ဘုရား)၊ မတွေ့ရပေမယ့် ဘာဖြစ်ကုန်ကြသတုံး. . . (ရဟန္တာတွေ ဖြစ်ကုန်ပါတယ်ဘုရား)။

အကုန်ရဟန္တာဖြစ်ကုန်တာတွေထောက်တော့ သုဘ ပရိနိဗ္ဗာန်စံခါနီး ပြောတဲ့စကားနဲ့ ဒုက္ခသစ္စာတွေ့နေတဲ့ပုဂ္ဂိုလ်ဖြင့် ကွာ မပူပါနဲ့ မင်းတို့ဆရာသမားကသာ ဒီအရှာမလွဲတဲ့နည်း ဟောပါ. . . (မှန်ပါ)။

ကိုစောမောင် ဘာဟောထားတုံး. . . (အရှာမလွဲတဲ့ နည်းပါဘုရား)။ ကဲ. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီတရားတစ်ပွဲ လုံး အရှာလွဲစရာရှိသေးရဲ့လား. . . (မရှိပါဘုရား)။

## နိဗ္ဗာန်ဘယ်မှာရှာကြမှာတုန်း

နိဗ္ဗာန်ရှာချင်ရင် ဘယ်မှာရှာကြမတုံး. . . (ခန္ဓာထဲမှာ ရှာရမှာပါဘုရား)၊ ခန္ဓာအပေါ်မှာ ရှာလိုက်လို့ရှိရင်ဖြင့် ဒီခန္ဓာ ကိုယ်ကြီး အနိစ္စမြင်၍၊ အနိစ္စမုန်း၍၊ အနိစ္စ အဆုံးမှာ နိစ္စ နိဗ္ဗာန် တွေ့ရမယ်. . . (မှန်ပါ)။

မတွေ့ပါနဲ့ဆိုလို့. . . (မရပါဘူးဘုရား)။ ဒါဖြင့် ဒကာ ဒကာမတို့ ဘယ်အချိန်မှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာ ဆိတ်ပါလိမ့်မတုံး. . . (မဆိတ်ပါဘူးဘုရား)။

ဆိတ်တယ်ဆိုတာက အရှာလွဲတဲ့ပုဂ္ဂိုလ်အတွက်မှာဖြင့် ဘယ်အချိန်မှ သောတာပန် သကဒါဂါမ်၊ အနာဂါမ် မဖြစ်ပါဘူး (မှန်ပါ)။

အရှာသာတည့်တဲ့ပုဂ္ဂိုလ်ဖြင့် ဘယ်အချိန်မဆိုရှိတယ်ဆို တော့ အခု ဝတ္ထုတွေလည်း ဘုရား ပရိနိဗ္ဗာန်စံမှ ဟာတွေလည်း ထုတ်လိုက်တယ်။ ဘုရားမှာတမ်းနဲ့ ပရိနိဗ္ဗာန်စံပြီးမှရတဲ့ပုဂ္ဂိုလ်တွေ နဲ့၊ ဘုရားတောင်မမီလိုက်တဲ့ပုဂ္ဂိုလ်တွေ ရသွားတာမြင်လိုက်တာ နဲ့၊ ကိုစောမောင် သေမှ သေချာရဲ့လား. . . (သေချာပါတယ် ဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ စိတ်ကိုရှုပါ. . . (မှန်ပါ)၊ မနေ့ က ဝေဒနာကိုဟောတယ်၊ ဒီနေ့ ဘာကိုဟောမှာတုံး. . . (စိတ် ကို ဟောမှာပါဘုရား)။

စိတ်ကိုဟောမယ်ဆိုတော့လည်း ရှင်သာရိပုတ္တရာက ရော၊ ဘုရားကရော ဒကာ ဒကာမတို့ ကိုယ့်စိတ်အကဲခတ်ရတာ နဲ့၊ ကိုစောမောင်တို့အားလုံး တရားတစ်ပွဲလုံးရှင်းပါ သူများစိတ်ကို အကဲခတ်ရတာနဲ့ ဘယ်ဟာက လွယ်ပါ့မတုံး. . . (ကိုယ့်စိတ်အ ကဲခတ်ရတာက လွယ်ပါတယ်ဘုရား)။

## ကိုယ့်စိတ်ကို၊ အကဲခတ်

ကိုယ့်စိတ်အကဲခတ်ရတာက လွယ်တယ်နော်. . . (မှန်ပါ)၊ ဒကာ ဒကာမတို့ ဒါအသေအချာမှတ်ပါ. . . (မှန်ပါ)၊ သူများစိတ်အကဲခတ်ရတာနဲ့ ကိုယ့်စိတ်အကဲခတ်ရတာ. . . (ကိုယ့်စိတ်အကဲခတ်ရတာက လွယ်ပါတယ်ဘုရား)၊ သဘောပါပြီလား. . . (ပါပါတယ်ဘုရား)။

ဩော်. . . ဒါဖြင့် ခင်ဗျားတို့ ကိုယ့်စိတ်ကိုယ့် အကဲခတ်. . . (မှန်ပါ)၊ စိတ္တာနုပဿနာဆိုတာ ဘာပါလိမ့်. . . (ကိုယ့်စိတ်ကိုယ် အကဲခတ်ရတာပါဘုရား)၊ ကိုယ့်စိတ်ကိုယ် အကဲခတ်ပါ၊ သဘောကျပြီလား. . . (ကျပါတယ်ဘုရား)။

ခုနင်က လောဘလေးဖြစ်တယ် ကိုယ့်ကိုယ်ကိုစောမောင် . . . (မှန်ပါ)၊ အကဲခတ်ကြည့်စမ်း. . . (မရှိတော့ပါဘူးဘုရား)၊ မရှိတော့ လောဘက ကျုပ်လောဘလို့ ပြောသလား၊ ကျုပ်အနိစ္စ လို့ပြောသလား. . . (ကျုပ်အနိစ္စလို့ ပြောပါတယ်ဘုရား)။

ကိုယ့်စိတ်ကိုယ် အကဲခတ်တော့ အနိစ္စနေရာပဲတွေ့တယ်. . . (မှန်ပါ)၊ အကဲခတ်တာက နောက်ကျတာကိုး. . . (မှန်ပါ)၊ ပေါ်တာက. . . (အရင်ကျပါတယ်ဘုရား)။

အရင်ကျတော့ သတ္တဝါ သန္တာန်မှာ နှစ်စိတ်ကမပေါ်ကောင်း. . . (မှန်ပါ)၊ မပေါ်ကောင်းတော့ကိုး၊ နောက်စိတ်နဲ့ ရှေ့စိတ်ကို အကဲခတ်. . . (မှန်ပါ)။

ရှေ့စိတ်ကို နောက်စိတ်နဲ့. . . (အကဲခတ်ရမှာပါဘုရား) အကဲခတ်လိုက်တဲ့အခါကျတော့ ဩော်. . . လောဘကလေး ရှိသေးသလားလို့ တွေ့လိုက်တဲ့အခါကျတော့၊ လောဘကလေး ဟာ ပေါ်လည်းပေါ်ပါတယ် ကျုပ်ဟာ သေလဲသေပါတယ်လို့ သူဖာသာပြောသွားတယ်. . . (မှန်ပါ)။

ဒါ. . . ကိုယ့်စိတ်ကိုယ်အကဲခတ်တာ. . . (မှန်ပါ)၊ မခတ်လိုက်ဘူးလား. . . (ခတ်လိုက်ပါတယ်ဘုရား)၊ ခတ်လိုက် တော့ လောဘက ကျုပ်ဟာဖြစ်ပျက်ပါပဲ၊ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။

## အကဲခတ်တာသည်မဂ္ဂ

ဩော်. . . ကိုယ့်စိတ်ကိုယ်အကဲခတ်တာ၊ အကဲခတ် တာသည် မဂ္ဂ. . . (မှန်ပါ)၊ ပျက်စီးတာက. . . (အနိစ္စပါ ဘုရား)။

ဒါဖြင့် ကိုယ့်စိတ်ကိုယ်အကဲခတ်တာလောက် ဝိပဿနာ အလုပ်မှာ လွယ်တာရှိသေးရဲ့လား. . . (မရှိပါဘူးဘုရား)။

ဥပမာ လေကလေးထုတ်တဲ့စိတ် ရှိသေးသလားလို့ပြန် အကဲခတ်ကြည့်. . . (မရှိပါဘူးဘုရား)၊ မရှိတာက အနိစ္စ၊ အကဲ ခတ်တာက. . . (မဂ္ဂပါဘုရား)။

လေကလေးပြန်ရှိုက်တဲ့စိတ်ကလေးကို တစ်ခါပြန်အကဲခတ်လိုက်စမ်း. . . (မရှိပါဘူးဘုရား)၊ မရှိတာပဲတွေ့မှာပဲ၊ မရှိတာက. . . (အနိစ္စပါဘုရား)၊ သိတာက. . . (မဂ္ဂပါဘုရား)၊ ဆိုတော့ သူတို့ပြောလိုက်သဖြင့် ဘယ်စိတ်လာလာ ဒကာ ဒကာမတွေ အကဲခတ်မလျော့နဲ့. . . (မှန်ပါ)။

ဘယ်စိတ်လာလာ. . . (အကဲခတ်မလျော့ရပါဘုရား)၊ သဘောပါပြီလား. . . (ပါပါတယ်ဘုရား)၊ ဘယ်စိတ်လာလာ . . . (အကဲခတ်မလျော့ရပါဘုရား)။

## ကိုယ့်ကိုယ်မစစ်ဆေးလို့နိဗ္ဗာန်နဲ့ဝေးတာ

ဩော်. . . ဒါဖြင့် ခင်ဗျားတို့ နိဗ္ဗာန်မရောက်တာဟာ ကိုယ့်စိတ်ဖြစ်တာမှ ကိုယ့်ကိုယ်ကိုမှ စစ်ဆေးတဲ့သဘော နည်းနည်းမှ ပါပုံမရလို့ နိဗ္ဗာန်နဲ့ဝေးတာ. . . (မှန်ပါ)၊သဘောကျရဲ့လား. . . (ကျပါတယ်ဘုရား)။

ကိုယ့်စိတ်ကိုမှ ဩော်. . . ငါ့စိတ်ကို ငါပိုင်လေရော့သလား၊ ငါဆိုင်လေရော့သလား၊ ငါ့စိတ်ကဘယ်သဘောများရှိပါလိမ့်မတုံး၊ တစ်သံသရာလုံး မစစ်ဆေးခဲ့ဘူးဆိုတဲ့ အခိပ္ပါယ် ယနေ့ ပေါ်သွားပြီ. . . (ပေါ်ပါပြီဘုရား)၊ မပေါ်ကျဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

ကဲဒါဖြင့် ဒုတေပရစိတ္တ ဝိဇာနံ၊ ဇာနေယအတ္တနော စိတ္တ ပတိဇာနေယ ဆိုတဲ့အတိုင်း သူတစ်ပါးစိတ်ကို အကဲခတ်ရတာ အင်မတန် ခက်ပါတယ်ကွာ ကိုယ့်စိတ်ကို ကိုယ်အကဲခတ် လိုက်လို့ ရှိရင် နိဗ္ဗာန်ရောက်ပါတယ်. . . (မှန်ပါ) သဘောကျ ရဲ့လား . . . (ကျပါတယ်ဘုရား)။

အဲတော့ ပုထုစဉ် သန္တာန်မှာ အရိယာစိတ်ပေါ်ပါ့မလား . . . (မပေါ်ပါဘူးဘုရား) ဘာစိတ်တွေပေါ်သတုံး. . . (ပုထုစဉ်စိတ်ပဲ ပေါ်ပါတယ်ဘုရား)။

## ဘာစိတ်ပေါ်ပေါ် အကဲသာခတ်

ပေါ်ချင်ရာပေါ် ဘုန်းကြီးက အရေးမကြီးနဲ့ အကဲခတ် သာမလျော့နဲ့. . .. (မှန်ပါ)၊ ပေါ်ချင်ရာပေါ်ပါ. . . (အကဲခတ် မလျော့ရပါဘုရား)။

အကဲခတ်မလျော့လို့ရှိရင် ပေါ်တဲ့ဓမ္မက အနိစ္စမှတစ်ပါး ဘာမှမပြဘူး. . . (မှန်ပါ)၊ အကဲခတ်တဲ့ ဓမ္မလာလည်း သူက ဉာဏ်နဲ့ အကဲခတ်တော့ အနိစ္စမြင်ရတဲ့အတွက် အနိစ္စမြင်တဲ့ မဂ်ဉာဏ်မှတစ်ပါး ဘာမှမတွေ့ဘူး. . . (မှန်ပါ)။

ဒီမဂ်ဉာဏ်ပဲ သွားဖြစ်ကာပဲ. . . (မှန်ပါ)၊ သဘောကျပြီ လား. . . (ကျပါတယ်ဘုရား)။

## ကားပေါ်တက်တဲ့စိတ်

ဒါဖြင့် ဒကာ ဒကာမတို့ အိမ်ရောက်သည်နှင့် တစ်ပြိုင်နက်တည်းဖြစ်စေ၊ လမ်းမှာဖြစ်စေ၊ အင်းကိုယ့်စိတ်ကိုယ်အကဲခတ်တာပေါ့၊ ကားရှိတဲ့ ပုဂ္ဂိုလ်၊ ကားပေါ်တက်တဲ့စိတ်ကလေး ဟာ ဒကာ ဒကာမတို့ လှမ်းနေတဲ့စိတ်ကလေးဟာကားပေါ် ရောက်ရဲ့လားလို့ အကဲခတ်စမ်းပါ. . . (မရောက်ပါဘုရား)။

မရောက်တော့. . . ဩော်. . . လှမ်းတဲ့စိတ်ကလေးဟာ လှမ်းတဲ့နေရာမှာပဲ အနိစ္စရောက်သွားတယ် မသိလိုက်ဘူးလား. . . (သိလိုက်ပါတယ်ဘုရား)။

## သိတာကမဂ္ဂ

သိတာက မဂ္ဂသွားဖြစ်တယ်. . . (မှန်ပါ)၊ အနိစ္စနဲ့ မဂ္ဂနဲ့အနိစ္စ-မဂ္ဂဟုတ်လား. . . (မှန်ပါ)၊ သမုဒယက သေတာ၊ မသေဘူးလား. . (သေပါတယ်ဘုရား)။

သမုဒယသေတော့ ဒီဘက်ကဇာတိ၊ ဇရာမရဏချုပ်တာက. . . (နိရောဓပါဘုရား)၊ ဒါက အနာဂတ်ချုပ်တာကိုဟောတာ. . . (မှန်ပါ)။

ပစ္စုပ္ပန် နိဗ္ဗာန်ကို ဟောတော့မယ်ဆိုတော့ အနိစ္စ၊ ဘယ်အနိစ္စမှ မလာတော့ဘူးဘုရား၊ ဖြစ်ပျက်တွေ တပည့်တော်

တို့သန္တာန်လာကို မလာတော့ဘူးဘုရား၊ ခန္ဓာထဲဘာမှ ရှာမတွေ့တော့ဘူး တစ်ခုချုပ် အကုန်ချုပ်တာကိုး. . . (မှန်ပါ)။

## ခန္ဓာဆုံးသွားတယ်

ခန္ဓာငါးပါးက တစ်ခုချုပ်ရင် အကုန်မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)၊ အဲဒီတော့ ဘာမှမလာတော့ဘူးဆိုတော့ ဒီတစ်လံမျှလောက်သော ခန္ဓာ ကိုစောမောင် ဆုံးပြီပေါ့. . . (ဆုံးသွားပါပြီဘုရား)။

ဆုံးသွားတော့ သူ့အဆုံးမှာ ဘာရှိသတုံး. . . (နိဗ္ဗာန်ရှိပါတယ်ဘုရား)၊ အင်း. . . အမည်းပျောက်တဲ့နေရာ. . . (အဖြူရှိပါတယ်ဘုရား)။

## နိရောဓသစ္စာပေါ်လာတယ်

အဲ. . . အမည်းက ဒုက္ခသစ္စာပျောက်သွားပြီ၊ အဖြူ နိရောဓသစ္စာပေါ် ပေါက်လာတယ်. . . (မှန်ပါ)၊ နိရောဓသစ္စာဆိုတော့ ဒီက မဂ္ဂသစ္စာ. . . (မှန်ပါ)၊ ဒီက သမုဒယ သေတာ. . . (မှန်ပါ)။

ဒီက စုတေမနေသေလွန်တဲ့အခါကျလို့ရှိရင်ဖြင့် ခန္ဓာမရှိတဲ့ နိဗ္ဗာန်ရောက်မယ်. . . (မှန်ပါ)၊ အခုမြင်နေရတာက ခန္ဓာရှိတုန်းကို ကိုယ်ကိုယ်တိုင်မြင်ထားရတဲ့ နိဗ္ဗာန်. . . (မှန်ပါ)။

## ခန္ဓာရှိတုန်းမြင်ရတဲ့နိဗ္ဗာန်

ဒီဘက်က. . . ခန္ဓာရှိတုန်းမြင်ရတဲ့ နိဗ္ဗာန်. . . (မှန်ပါ)၊ ဒါကသေမှ ခံစားရမယ့် နိဗ္ဗာန်. . . (မှန်ပါ)၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)၊ ရှင်းကြပြီလား. . . (ရှင်းပါပြီဘုရား)၊ သဘောပါပြီလား . . . (ပါပါပြီဘုရား)။

တဲ့. . . ယနေ့ဒီတွင်တော်ပါဦး။

သာဓု၊ သာဓု၊ သာဓု။